ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ တနင်္လာနေ့၊ (16-8-2010) (၆၄၉၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် လက်ဖက်ပျိုးပင်များပေးအပ်ပွဲ အခမ်းအနား တက်ရောက်

နေပြည်တော်   ဩဂုတ်   ၁၅

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ရစ်ထွေကျေးရွာနှင့် ဂမုန်းတောင်ကျေးရွာတို့သို့ သွားရောက်၍ လက်ဖက်စိုက်တောင်သူများအား တွေ့ဆုံပွဲနှင့် လက်ဖက်ပျိုးပင်များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရစ်ထွေကျေးရွာမှ တာဝန်ရှိသူတစ်ဦးက နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသများ လက်ဖက်စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဒေသခံတောင်သူများအား လက်ဖက်ပျိုးပင်များ ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

အယဉ်ဆင့်၊ အသွင်တင့်၍ ခမ်းနားထည်ဝါလှသည့် ဘိုကလေးမြို့က မြို့တော်ခန်းမ

သတင်းဆောင်းပါး - ရန်ကြီးအောင်

ဓာတ်ပုံ - ကျော်ဇေယျ

အဆင်အပြင် - နိုင်လင်းကြည်

ဘိုကလေးမြို့။

ဧရာဝတီတိုင်း ဖျာပုံခရိုင်အတွင်း တည်ရှိသည်။ နာဂစ်မုန်တိုင်းဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့် ဧရာဝတီတိုင်းအတွင်းမှ မြို့နယ် ခုနစ်မြို့နယ်အနက် ပျက်စီးဆုံးရှုံးမှု ဒုတိယအများဆုံး မြို့နယ်ဖြစ်သည်။

မုန်တိုင်းဒဏ်ကြောင့် တစ်မြို့လုံး၌ ရာခိုင်နှုန်းတော်တော်များများ ပျက်စီးခဲ့သည်။ အသက်ခန္ဓာပေါင်း မြောက်မြားစွာသာမက ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ သာသနိက အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လူနေအိမ်ခြေများ၊ရေယာဉ်များ အများစုမှာ မုန်တိုင်း၏ နင်းခြေဖျက်ဆီးမှုအောက်ဝယ် ပျက်စီးကြေမွခဲ့ရသည်။ အလုံးစုံပျောက်ကွယ်သွားခဲ့ရသည်။ ထိုအထဲတွင် မြို့နယ်ခန်းမသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

အဆိုပါ ဘိုကလေးမြို့သို့ မကြာမီကာလများက နှစ်ကြိမ်တိုင်ရောက်ရှိခဲ့သည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက တစ်ကြိမ်၊ ယခုနှစ် မေလအတွင်းက တစ်ကြိမ် ဖြစ်သည်။ ဒုတိယအခေါက်တွင်တော့ မြို့၏ ပြန်လည်ဖွံ့ဖြိုးလာမှုကို လှည့်လည်လေ့လာမိသည်။ မြို့တွင်းလမ်းများက သန့်ရှင်းသပ်ရပ်နေသည်။ လူနေအိမ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများက သစ်လွင်ဝင်းပနေသည်။ မုန်တိုင်းဒဏ်ကြောင့် တစ်မြို့လုံး ပြားပြားဝပ်ဝပ် ကြေမွပျက်စီးခဲ့ရပြီးနောက် နှစ်နှစ်ခန့်ကာလအကြာတွင်မူ မြို့သည် ယခင်ကထက် ပိုမိုစည်ပင်ဖွံ့ဖြိုးနေသည်မှာ လက်တွေ့မျက်မြင်။ ဘိုကလေးမြို့သည်ကား အမိမဲ့သား ရေနည်းငါးဘဝမှ အချိန်တိုအတွင်းမှာပင် ပြန်လည်ရုန်းထလာနိုင်ခဲ့ပေပြီ။

စာမျက်နှာ ၈ ကော်လံ ၁ သို့❑

ဘိုကလေးမြို့၏ မြို့တော်ခန်းမအဆောက်အအုံကြီးက ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့်။

ယနေ့ ကြေးမုံ သတင်းအညွှန်း

အပူချိန်မြင့်တက်မှုကြောင့် ပေါ်တူဂီတွင် တောမီးလောင်။

(သတင်း)စာမျက်နှာ - ၅

ဂိုးပြတ်အနိုင်ရလဒ်နှင့် အတူ ထိပ်ဆုံးနေရာကို ဆက်လက် ရယူနိုင်ခဲ့သည့် လက်ရှိ ချန်ပီယံ ရတနာပုံ။

(သတင်း)စာမျက်နှာ - ၇

ပရီမီယာလိဂ်ရာသီအဖွင့် ချယ်လ်ဆီး ဂိုးဒါဇင်ဝက်သွင်း။

(သတင်း)စာမျက်နှာ - ၁၁

ကြေးမုံ The Mirror

၁၆-၈-၂၀၁၀
(တနင်္လာနေ့)

ရှားပါးတောရိုင်းတိရစ္ဆာန်များ ဝိုင်းဝန်းထိန်းသိမ်း

ကမ္ဘာမြေပေါ်တွင် သက်ရှိအားလုံး၏ ပတ်ဝန်းကျင်၌ လေထု၊ ရေထု၊ မြေထု၊ သစ်ပင် တောတောင် သဘာဝသယံဇာတများ ဝန်းရံနေသည်။ သက်ရှိအားလုံး ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရန် လိုအပ်သည်။ သဘာဝပတ်ဝန်းကျင် ကောင်းမွန်နေစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရမည် ဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရာသီဥတုများ ပြောင်းလဲလာလျက်ရှိသည်။ နေရာဒေသအနှံ့အပြားတွင် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ ရေခဲပြင်များ အရည်ပျော်ခြင်း စသည့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများကို တွေ့မြင်ကြားသိနေရသည်။

ပညာရှင်များ၏ သုံးသပ်ချက်အရ ကမ္ဘာကြီးပူနွေးလာမှု၏ ၉၀ ရာခိုင်နှုန်းသည် လူသားတို့၏ လုပ်ရပ်များပေါ်တွင် အခြေခံကြောင်း သိရသည်။ သဘာဝသယံဇာတများ မဆင်မခြင် ထုတ်ယူသုံးစွဲခြင်း၊ ကုန်ထုတ်လုပ်ငန်းများမှ အမှိုက်သရိုက်၊ အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းအမျိုးမျိုးတို့ကြောင့် မြေပြင်ညစ်ညမ်းမှု၊ ရေညစ်ညမ်းမှုတို့ဖြစ်ပေါ်စေသည်။ စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ယာဉ်ယန္တရားများမှ ထွက်ရှိသော မီးခိုးများ၊ ဓာတ်ငွေ့များ၊ ပြာများ၊ မကောင်းသောအနံ့ အငွေ့အသက်များကြောင့်လည်း လေထုကို ညစ်ညမ်းစေသည်။

ယင်းဖြစ်ရပ်များကြောင့် နိုင်ငံအများအပြား၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထား လုပ်ဆောင်နေကြရပြီ။ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့်အစဉ်အလာများ ရှေးကာလများစွာကပင် ရှိခဲ့သည်။ နိုင်ငံအတွင်းရှိ ရေမြေ သစ်တော၊ သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းလျက်ရှိသည်။ ကြိုးဝိုင်းတောများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေနှင့်အညီ ထိန်းသိမ်းလျက်ရှိသည်။

သစ်တောရေးရာဝန်ကြီးဌာနက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကျေးရွာသုံးထင်းစိုက်ခင်းများ၊ ရေဝေရေလဲ သစ်တောများ၊ ကျွန်းအထူးစိုက်ခင်းများကို တိုးချဲ့တည်ထောင်စိုက်ပျိုးနေပြီ။ ကျွန်းသစ်များ ပေါက်ရောက်ဖြစ်ထွန်းသည့် ပဲခူးရိုးမတွင် ကျွန်းနှင့် ပျဉ်းကတိုး၊ ပိတောက်၊ ပျဉ်းမ စသည့် စိုက်ခင်းများ ဖြစ်ထွန်းနေသည်။ မကွေးတိုင်းအတွင်း ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးအတွက် တမာပင်သီးသန့်စိုက်ခင်းများကို တည်ထောင်စိုက်ပျိုးခဲ့ရာ အပင်ပေါင်း ငါးသိန်းကျော် ဖြစ်ထွန်းနေပြီဖြစ်သည်။

သစ်တောသစ်ပင်များသည် ရာသီဥတုကို ညီညွတ်မျှတစေသည်ဖြစ်ရာ သစ်တောမပြုန်းတီးရေး၊ ဂေဟစနစ်များ တည်ငြိမ်ရေး ဂရုပြုဆောင်ရွက်ကြရပေမည်။ နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများအားလုံးက သစ်တော သစ်ပင် သဘာဝသယံဇာတများ အစဉ်တစိုက် စိုက်ပျိုးတည်ထောင် ထိန်းသိမ်းစောင့်ရှောက်သွားကြခြင်းဖြင့် လူသားများအပါအဝင် သက်ရှိများအားလုံးအတွက် သဘာဝပတ်ဝန်းကျင်ကောင်းများ ပိုမိုဖြစ်ထွန်းနေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ မန္တလေးတိုင်း ဘော်လီဘောအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် 　　　ဩဂုတ် 　　　၁၅

မန္တလေးတိုင်းကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး ဘော်လီဘောအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ရက် မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဘော်လီဘောအသင်းအား အောင်နိုင်ရေးအလံပေးအပ်၍ တာဝန်ရှိသူတစ်ဦးက မန္တလေးတိုင်းဘော်လီဘောအသင်း ကြိုတင်စုဖွဲ့ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အားကစားကွင်းခန်းမ၌ ကျင်းပသော (ကြည်း၊ ရေ၊ လေ)ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြ၍ တိုင်းမှူးက အမှာစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ မြောက်ယမားချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ဒုတိယဝန်ကြီး ဦးတင့်ဆွေ ပုသိမ် - မုံရွာလမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် 　　　ဩဂုတ် 　　　၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဩဂုတ် ၁၀ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် မုံရွာမြို့မှ ထွက်ခွာ၍ ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၄၄၇/၁)ရှိ မြောက်ယမားချောင်းတံတား တည်ဆောက်ရေးစီမံကိန်း၌ တံတားသံပေါင်တင်ပြီးစီးမှုနှင့် သစ်သားကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍မိုင်တိုင်အမှတ်(၄၃၈/၀) နှင့် (၄၃၈/၁) အကြား၌ တည်ဆောက်မည့် ခြောက်တင်းကျတံတား တည်ဆောက်ရန် လျာထားနေရာကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၄၃၅/၅)ရှိ လမ်းစခန်း ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာ၏ လုပ်ငန်းအပိုင်းအလိုက် ဆောင်ရွက်ထားရှိမှု ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဆားလင်းကြီးလမ်းဆုံ၌ နှစ်လက်မ-လေးလက်မ ကျောက်ခင်းကြိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ်(၄၃၃/၃) နှင့် (၄၃၃/၇)အကြား၌ ကတ္တရာခင်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၄၂၈/၄)ရှိ Naing Group Construction Co., Ltd. ပုသိမ်-မုံရွာ လမ်းမကြီး တည်ဆောက်ရေးလုပ်ငန်းစီမံကိန်း ကွပ်ကဲမှုရုံး၌ လမ်းတာဝန်ခံ အင်ဂျင်နီယာများနှင့် ကုမ္ပဏီမှတာဝန်ရှိသူများက လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးကလိုအပ်သည်များမှာကြားပြီး မိုင်တိုင်အမှတ်(၃၉၈/၀)၌ နှစ်လက်မ-လေးလက်မကျောက်ခင်းနေမှု၊ မိုင်တိုင်အမှတ် (၃၉၆/၆)နှင့်(၃၉၆/၇)အကြား၌ ကျောက်များ ခင်းကြိတ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သီးနှံကာကွယ်ရေးလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲကို နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (လယ်/ဆည်)

သီးနှံကာကွယ်ရေးလုပ်ငန်းများဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် 　　　ဩဂုတ် 　　　၁၅

သီးနှံကာကွယ်ရေးလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ် ၁၁ ရက်နှင့် ၁၂ရက်တို့တွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် အထွေထွေမန်နေဂျာများ၊ ပြည်နယ်နှင့်တိုင်းများမှ သီးနှံကာကွယ်ရေး တာဝန်ခံများနှင့် သီးနှံကာကွယ်ရေးလုပ်ငန်းများဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် သီးနှံစိုက်ပျိုးချိန်ကာလတစ်လျှောက် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ လယ်ယာဖျက်ကြွက်များနှိမ်နင်းရေးနည်းလမ်းများ၊ ကြွက်ဘိနှင့် ထောင်ချောက်များ ပြုလုပ်၍ လက်တွေ့အသုံးပြုရေး၊ သီးနှံနှင့်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ တမာပိုးသတ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲခြင်း ဖြင့် ပိုးသတ်ဆေး ဘေးအန္တရာယ်လျော့နည်းရေး၊ ခြင်ဆေးခွေထုတ်လုပ်ရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးဥပဒေနှင့်အညီ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် 　　ဩဂုတ် 　　၁၅

စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးသိန်းမြင့်က Using Myanmar Standards on Audit of Small and Medium Sized Entities ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ် (၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်ရန်အတွက် ဩဂုတ် ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်းအမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသူ၊ သင်တန်းသားများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနေ ကွယ်လွန်သူ ခေါ်ခင်ကြည်မေအားရည်စူး၍ ဦးခင်မောင်ဦး မိသားစုက ထာဝရငွေပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို ကျောက်တန်းဘိုးဘွားရိပ်သာအတွက် လှူဒါန်းရာ ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင် လက်ခံယူစဉ်။ (၇၄)

☆ရှေ့ဖုံးမှ

ဆက်လက်၍ တိုင်းမှူးသည် လက်ဖက်ပင်ကို စိုက်ပျိုးပေးပြီး ဒေသခံတောင်သူများ၏ လက်ဖက်ပျိုးပင်များစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် တိုင်းမှူးအား ဂမုန်းတောင်ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက လက်ဖက်စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်းတောင်ပေါ်ဒေသ၌ လက်ဖက်စိုက်ပျိုးရန် လျာထားမှုအခြေအနေတို့ကို ရှင်းလင်းမှာကြားပြီး ဒေသခံတောင်သူများအား လက်ဖက်ပျိုးပင်များကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက လက်ဖက်ပင်ကို စိုက်ပျိုးပေးပြီး တောင်သူများ၏ လက်ဖက်ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ခရိုင် ရစ်ထွေကျေးရွာ၌ ဒေသခံပြည်သူများ လက်ဖက်ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြို့တော်ဝန် ဦးအောင်သိန်းလင်း စည်ပင်သာယာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်တောင်ရပ်ကွက်ရှိ ဦးရွှေမှန်လမ်းအဆင့်မြှင့်ရေးအတွက် ကွန်ကရစ်လမ်းချောခင်းနေမှု၊ လမ်းဝဲ၊ယာရေနုတ်မြောင်းများရေစီးရေလာ ကောင်းမွန်စေရန် အုတ်ရေနုတ်မြောင်းနှင့် လမ်းဖြတ်မြေအောက် ရေနုတ်မြောင်းများပြုလုပ်ထားရှိမှုနှင့် ဦးညိုလမ်းသွယ်(၁)၌ အုတ်ရေနုတ်မြောင်းများ ပြုလုပ်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ကမာရွတ်မြို့နယ် အမှတ်(၁)နှင့် အမှတ်(၃)ရပ်ကွက်တို့ကို ဆက်သွယ်သည့် ပတ္တမြားလမ်း အဆင့်မြှင့်ရေးအတွက် ကွန်ကရစ်လမ်းချော ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ခင်းကျင်းနေမှု၊ ခိုင်ရွှေဝါ(ဗဟို)လမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့ရေးအတွက် ကမာရွတ်မြို့နယ် လှည်းတန်းခုံးတံတားမှ ကမာရွတ်ချောင်းအထိ ကွန်ကရစ်လမ်းချောခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ခင်းကျင်းနေမှု၊ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ (၂)လမ်း၊ မြို့သစ်(၁)လမ်းနှင့် ရွှေဝါထွန်းလမ်းများ အဆင့်မြှင့်ရေးအတွက် ကွန်ကရစ်လမ်းချောခင်းနေမှု၊ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့ရေးအတွက် လှိုင်မြစ်လမ်းနှင့် ဘုရင့်နောင်လမ်းဆုံအနီး ဘုရင့်နောင်လမ်းကို စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းနေမှု၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၃/ခ) ရပ်ကွက်ရှိ ဘူတာဟောင်းလမ်း အဆင့်မြှင့်ရေးအတွက် ကွန်ကရစ်လမ်း ချောခင်းနေမှုနှင့် လမ်းဝဲ၊ယာရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် လမ်းဖြတ်မြေအောက် ရေနုတ်မြောင်းများ ပြုလုပ်နေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃/ခ) ရပ်ကွက်ရှိ ဘူတာဟောင်းလမ်းအား ကွန်ကရစ်လမ်းချောခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၈-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ "ငါးရစ်မျိုးငါးတို့မစား"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၁၅ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ မြန်မာစာ၊ မြန်မာစကား
၅း၀၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅း၁၅ ၈။ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၅း၃၀ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ. . . ကိုယ့်ချစ်သူ" (အပိုင်း-၈)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ဘဝကိုယ်စီအလှကိုယ်စီ [ဝင်းဝင်းအောင်(မြို့မ)၊ သရုပ်ဆောင်-ပပဝင်းခင်၊ တေးရေး-ကိုရွှန်းမြိုင်(မြို့မ)]
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ)(အပိုင်း-၁၈)**
၁၉။ "သုခုမရင်ပြင်"
၂၀။ အစီအစဉ်ပြီး၏။

CROWN Electronics ရုံးချုပ်နှင့် အရောင်းခန်းမသစ် ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၅

First Asia Co., Ltd. ၏ CROWN Electronicsရုံးချုပ်နှင့် အရောင်းခန်းမသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၄၇၀)ရှိ အဆိုပါရုံးချုပ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းနှင့် First Asia Co., Ltd. ဥက္ကဋ္ဌ ဦးမောင်အေးတို့က CROWN Electronics ရုံးချုပ်နှင့် အရောင်းခန်းမသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

CROWN Electronics ရုံးချုပ်နှင့် အရောင်းခန်းမသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် CROWN TV, EVD, Amplifier, Portable (7", 9", 12") ၊ Minicombo EVD, Air Cooler, Speaker နှင့် Rice Cooker များစသည့် မည်သည့်ပစ္စည်းကိုမဆို ဝယ်ယူအားပေးကြသူများအား ဩဂုတ် ၁၅ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ပထမဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုငွေကျပ် ၁၀ သိန်း၊ တတိယဆုငွေကျပ် ငါးသိန်းနှင့် ငွေကျပ် တစ်သိန်းဆု ၁၀ ဆုများအပြင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ TV, EVD, Air Cooler, Rice Cooker စသည့် ပစ္စည်းများကို ကံစမ်းမဲဖွင့် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အများသုံးရေကန်အား သွပ်ဆူးကြိုးခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၉ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးထွန်းဝေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

CROWN Electronics ပစ္စည်းများသည် ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားပြီး ဝယ်ယူသည့် စက်ပစ္စည်းများအားလုံးကို အာမခံ နှစ်နှစ်မှ သုံးနှစ်အတွင်း ပေးထားကာ ဈေးနှုန်းများကိုလည်း အထူးသက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

CROWN Electronics ပစ္စည်းများကို ဝယ်ယူလိုပါက ရုံးချုပ်နှင့်ဖြန့်ချိရေး အရောင်းစင်တာ (၁)ရန်ကုန်- အမှတ်(၄၇၀)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၀၃၈၅၊ ၂၉၉၇၃၂နှင့် ၃၈၆၅၀၈၊ Hot Line-၇၃၀၂၄၄၅၆၊ အရောင်းစင်တာ (၂) ရန်ကုန်- အမှတ်(၈) ဝေဇယန္တာလမ်း (၆)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၂၂၇၉၊ ဆားဗစ်စင်တာ (ရန်ကုန်)-အမှတ် (၁၀)မြေညီထပ် (၁၃၃)လမ်း မအူကုန်းရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၀၂၄၈၄၉ နှင့် ဖြန့်ချိရေးနှင့် ဆားဗစ်စင်တာ (မန္တလေး) အမှတ် (၃၈၁)အေ၊ (၈၂)လမ်း၊ လမ်း (၃၀ × ၃၁)လမ်းကြား၊ အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၂၉၂၆ Hot Line ၀၂-၉၁၀၀၈၉၃၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မီးသတ်စခန်းများ ညွှန်ကြားရေးမှူးချုပ်စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်မိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ခရမ်းမြို့နယ် မီးသတ်စခန်း၊ သုံးခွမြို့နယ်အရန်မီးသတ်စခန်းနှင့် သုံးခွမြို့နယ် မီးသတ်စခန်းများသို့ ရောက်ရှိပြီး မီးသတ်ယာဉ်များ ကြံ့ခိုင်ရေးနှင့်အသင့်ရှိရေး၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရဲဝံ့စွန့်စားသည့်စိတ်ဓာတ်ကို အမြဲထိန်းသိမ်းထားရှိရန် မှာကြားပြီး စခန်းသန့်ရှင်းသာယာလှပရေး၊ တပ်ဖွဲ့ဝင်များ စည်းကမ်းကောင်းမွန်ရေးနှင့် မီးသတ်စခန်းအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်တန်းမြို့နယ်၊ သန်လျင်မြို့နယ် မီးသတ်စခန်းများသို့ ရောက်ရှိရာ မီးသတ်စခန်းတာဝန်ခံများက မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးစီမံချက်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က မီးလောင်မှုလျော့နည်းကျဆင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ လျှပ်စစ်မီးခြိုးခြံချွေတာ သုံးစွဲရေး၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် အဓိကအားဖြင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်တပ်ဖွဲ့မှ မြန်မြန်သိ၊ မီးလောင်ပြင်သို့ မြန်မြန်သွား၊ မီးကိုမြန်မြန်ငြိမ်းသတ်နိုင်ရေးအတွက် သင့်(၄)သင့်ဖြစ်သော ယာဉ်/စက်အသင့်၊ လူအသင့်၊ စက်သုံးဆီအသင့်၊ ရေအသင့်ရှိရေး လုပ်ငန်းများဆောင်ရွက်ထားရန် လမ်းညွှန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟစ်ဇ်ဘိုလာအဖွဲ့ စစ်ရေးပြင်ဆင်နေကြောင်း အစ္စရေး ပြောကြား

မောင့်အေဒီယာ (အစ္စရေး) ဩဂုတ် ၁၅

အစ္စရေးနှင့် လက်ဘနွန်နှစ်နိုင်ငံ နယ်နိမိတ်တစ်လျှောက် တင်းမာမှုများ ကြီးထွားလာနေစဉ် ဟစ်ဇ်ဘိုလာအဖွဲ့သည် ၎င်း၏ တိုက်ခိုက်ရေးသမားများ၊ လက်နက်များကို လက်ဘနွန်တောင်ပိုင်း ကျေးရွာများအတွင်းသို့ ရွှေ့ပြောင်းလျက်ရှိပြီး စစ်ပွဲအတွက်ပြင်ဆင်သည့်အနေဖြင့် လျှို့ဝှက်လက်နက်တိုက်များ၊ ကတုတ်ကျင်းများနှင့် အမိန့်ပေး ဗဟိုဌာနများကို တည်ဆောက်လျက်ရှိကြောင်း အစ္စရေးစစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

နယ်စပ်ဖြတ်ကျော်၍ ၃၄ ရက်ကြာ စစ်ပွဲဖြစ်ပွားပြီးနောက် လေးနှစ်အကြာ ဟစ်ဇ်ဘိုလာတပ်ဖွဲ့များအားနယ်စပ်ဒေသ၌ ထပ်မံချထားသည့်သတင်းအသေးစိတ်ကို အစ္စရေးစစ်ဘက်က ထုတ်ပြန်သည်။

ဩဂုတ် ၃ ရက်၌ အစ္စရေးတပ်ဖွဲ့ဝင်များကနယ်စပ်၌ ၎င်းတို့ နယ်နိမိတ်ဘက်တွင် ချုံပုတ်များကို ရှင်းလင်းနေစဉ် လက်ဘနွန်တပ်ဖွဲ့များက ပစ်ခတ်ခြင်းသည် အေးချမ်းတည်ငြိမ်မှုမရှိကြောင်း သတိပေးခြင်းဖြစ်သည်။ အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့ရာ လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးရဟတ်ယာဉ်က ပြန်လည်တိုက်ခိုက်ခြင်းကြောင့် လက်ဘနွန်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် သတင်းထောက်တစ်ဦး သေဆုံးခဲ့သည်။

အီရန်နှင့် ဆီးရီးယားနိုင်ငံတို့က လက်နက်တပ်ဆင်ပေးသည့် လက်ဘနွန်အမြဲတမ်းတပ်မတော်ထက် အင်အားပိုကောင်းနေသော ဟစ်ဇ်ဘိုလာတပ်ဖွဲ့က ဩဂုတ် ၃ ရက် အပစ်အခတ်တွင် လက်ရှောင်နေခဲ့သည်။ သို့သော် ဟစ်ဇ်ဘိုလာခေါင်းဆောင် ရှိတ်ဟတ်ဆန်နာဆရာလားက နောက်တစ်ကြိမ် ယင်းကဲ့သို့ ဖြစ်ခဲ့လျှင် ဝင်ရောက်တိုက်ခိုက်မည် ဖြစ်ကြောင်းခြိမ်းခြောက်ခဲ့သည်။ အကယ်၍ နောက်တစ်ကြိမ် စစ်ဖြစ်ခဲ့လျှင် ၎င်း၏ တပ်ဖွဲ့များကတဲလ်အဗစ်မြို့သို့ ဒုံးကျည်များဖြင့်ပစ်ခတ်မည်ဟုပြောသည်။

ပြောင်းရွှေ့

ဟစ်ဇ်ဘိုလာတို့သည်၎င်းတို့၏လက်နက်များနှင့် တိုက်ခိုက်ရေးသမားတို့ကို တောထူသောကျေးလက်ဒေသများမှ ရွာများအတွင်းသို့ ပြောင်းရွှေ့ခြင်းဖြင့် ပြီးခဲ့သည့် စစ်ပွဲကတည်းက မဟာဗျူဟာပြောင်းလဲခဲ့ကြောင်း၊ ထောက်လှမ်းခံရခြင်းမှ ရှောင်ကွင်းရန်နှင့် စစ်ဖြစ်လျှင် အရပ်သားများကို အကာအကွယ်ယူရန်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

အင်တာနက်။

လက်ဘနွန်နယ်စပ်တွင် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး ကင်းစောင့်နေသည်ကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ အင်တာနက်)

ကျူးကျော်မှုအတွက် အာရှနိုင်ငံများအား တောင်းပန်

တိုကျို ဩဂုတ် ၁၅

တနင်္ဂနွေနေ့တွင် ကျင်းပသော ဂျပန်နိုင်ငံ၏ ခွြင်းချက်မရှိ လက်နက်ချခဲ့သည့် (၆၅) ကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် ဒုတိယကမ္ဘာစစ်အတွင်းက ကျူးကျော်ဝင်ရောက်ခဲ့သည့်အတွက် အာရှနိုင်ငံများအား ဂျပန်ဝန်ကြီးချုပ်နာအိုတိုခန်က တောင်းပန်လိုက်သည်။ ထိပ်တန်းဂျပန်စစ်သည်များကို ဂုဏ်ပြုတည်ဆောက်ထားသည့် အထိမ်းအမှတ်သင်္ချိုင်းဂူသို့ သွားရောက်အရိုအသေပြုခြင်းကိုလည်း ရှောင်လွှဲခဲ့သည်။

ဂျပန်နိုင်ငံသည် အာရှနိုင်ငံများမှ ပြည်သူများကို ဆုံးရှုံးပျက်စီးစေသည့်အပြင် ထိခိုက်နာကျင်စေခဲ့ကြောင်း၊ စစ်ပွဲအတွင်းမှာ အသက်ဆုံးပါးခဲ့ကြရသူများကို ၎င်းအနေဖြင့်လည်းကောင်း၊ နိုင်ငံအနေဖြင့် လည်းကောင်း ဝမ်းနည်းကြောင်း ပြောကြားအပ်ပါကြောင်း၊ ကမ္ဘာကြီး ထာဝရငြိမ်းချမ်းစေရေးအတွက် အစွမ်းကုန်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ခန်ကပြောကြားခဲ့သည်။

တိုကျိုမြို့ နီပွန်ဘူဒိုခန် ခန်းမ၌ ကျင်းပသောယင်းအခမ်းအနားသို့ ဂျပန်ဧကရာဇ် အကီဟီတို၊ ကြင်ယာတော်မီချီကို၊ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့် သေဆုံးခဲ့သောသူများ၏ မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

တစ်မိနစ်ငြိမ်သက်

ဝန်ကြီးချုပ်၏ မိန့်ခွန်းပြီးဆုံးပြီးနောက် စစ်အတွင်း၌ သေဆုံးခဲ့ကြသည့် သုံးသန်းမျှသော ဂျပန်ပြည်သူများအတွက် အခမ်းအနားတက်ရောက်သူအားလုံးက တစ်မိနစ် ငြိမ်သက်ခဲ့ကြသည်။

အခမ်းအနားမတိုင်မီမှာ ဝန်ကြီးချုပ်သည် တိုကျိုမြို့ အမျိုးသားသုသာန်သို့ သွားရောက်၍ ပင်လယ်ရပ်ခြား၌ ကျဆုံးသွားကြသောဂျပန်စစ်သည်များကို ဂုဏ်ပြုသောအားဖြင့် လွမ်းသူ့ပန်းခွေများချခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

မက္ကဆီကိုတွင် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သော အကြမ်းဖက်မှုကြောင့် ၂၄နာရီအတွင်း လူ၂၃ဦး သေဆုံး

မက္ကဆီကိုစီးတီး ဩဂုတ် ၁၅

မက္ကဆီကိုနိုင်ငံ၏ တည်ငြိမ်မှုမရှိသော အနောက်မြောက်ပိုင်းရှိ ချီဟွာဟွာပြည်နယ်တွင် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သော အကြမ်းဖက်မှုကြောင့် ၂၄နာရီအတွင်း လူ ၂၃ ဦး သေဆုံးရကြောင်း သတင်းတွင်ဖော်ပြသည်။

ချီဟွာဟွာပြည်နယ်၏ နယ်စပ်မြို့ဖြစ်သော စီယူဒက်ဇ်ဂျူရက်ဇ်တွင် သောကြာနှင့်စနေ နှစ်ရက်အတွင်း၌ လူ ၁၃ဦး သေဆုံးကြောင်း၊ ၎င်းတို့သည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် အယ်ပါလ်ဆိုမြို့မှ ဖြစ်ကြကြောင်း ချီဟွာဟွာပြည်နယ်ရှိ ရှေ့နေများက ပြောကြားသည်။

တည်ငြိမ်မှုမရှိသော ပြည်နယ်တွင် သီးခြားဖြစ်ပျက်မှုများကြောင့် လူ ၁၀ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

သေဆုံးခဲ့ရ

၂၀၀၆ခုနှစ်ကလည်း စီယူဒက်ဂျူရက်ဇ်မြို့တွင် ပြိုင်ဘက်မူးယစ်ဆေးဝါးဂိုဏ်းများအကြား အကြမ်းဖက်လုပ်ရပ်များကြောင့် လူပေါင်း ၂၈၀၀၀ သေဆုံးခဲ့ရသည်။ များသောအားဖြင့် ဂျူရက်ဇ်နှင့် ဆီနိုလာမြို့များမှ မူးယစ်ဆေးဝါးဂိုဏ်းများအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းဖြစ်သည်။

စီယူဒက်ဇ်ဂျူရက်ဇ်မြို့တွင် ရဲတပ်ဖွဲ့ဝင်များ ထောင်ချီ၍ မူးယစ်ဆေးဝါး တရားမဝင်မှောင်ခိုရောင်းဝယ်မှုကို တိုက်ဖျက်ရန် တပ်ဖြန့်ထားလျက်ရှိသည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နယူးယောက်တွင် ပစ်ခတ်မှုဖြစ်ပွား၊ လူလေးဦး သေဆုံး

နယူးယောက် ဩဂုတ် ၁၅

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့လယ်တွင် စနေနေ့နံနက်ပိုင်းက ပျော်ပွဲစားရုံတစ်ခု၏အပြင်ဘက်၌ ပစ်ခတ်မှုဖြစ်ပွားကြောင်း၊ ပထမဆုံးအကြိမ်အဖြစ် မင်္ဂလာနှစ်ပတ်လည်အခမ်းအနား ကျင်းပနေစဉ် ဖြစ်ကြောင်း၊ လူလေးဦး သေဆုံးကြောင်း ဒေသခံသတင်းများက ဖော်ပြသည်။

ယင်းဖြစ်စဉ်တွင် လူလေးဦးဒဏ်ရရှိကြောင်း၊ သို့ရာတွင် မင်္ဂလာနှစ်ပတ်လည် နေ့ကျင်းပသည့် အမျိုးသားသည် သေဆုံးသူလေးဦးတွင် ပါဝင်သော်လည်း ၎င်း၏ ဇနီးမှာမူဒဏ်ရာရခြင်းမရှိကြောင်း ဘတ်စ်ဖလိုသတင်းဌာနကရေးသားသည်။

၎င်းတို့၏မင်္ဂလာဆောင်ကို လွန်ခဲ့သောနှစ်က ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ လူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း၊ ဘတ်စ်ဖ်ဖလိုသည် စီးပွားရေးအချက်အချာကျရာ မြို့တစ်မြို့ဖြစ်ကြောင်း၊ ပစ်ခတ်မှုသည် နံနက် ၂နာရီ မိနစ် ၃၀က ဖြစ်ပွားကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ယူဂန္ဒာနိုင်ငံအရှေ့ပိုင်းတွင် မြေပြိုကျမှုကြောင့် ငါးဦးသေဆုံး

ဘာလီ(ယူဂန္ဒာ) ဩဂုတ် ၁၅

ယူဂန္ဒာနိုင်ငံအရှေ့ပိုင်းတွင် သောကြာနေ့ညက မြေပြိုမှုဖြစ်ပွားရာ လူငါးဦးထက်မနည်း သေဆုံးကြောင်း ဒေသခံရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ယင်းဖြစ်ရပ်သည် ယင်းဒေသတွင် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ဗုဒ္ဓဟူးနေ့က ဘူရှီယီခရိုင်ခွဲတွင်ပင်မြေပြိုမှုကြောင့်တစ်ဦး သေဆုံးခဲ့ကြောင်း ကီဘိုကိုလိုခရိုင်ခွဲမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့်ပြောကြားသည်။

အဆိုပါမြေပြိုမှုဖြစ်ပွားသောနေရာများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ကယ်ဆယ်ရေးအဖွဲ့များ သွားရောက်ရန်မလွယ်ကူကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်ကဆိုသည်။

လွန်ခဲ့သောရက်အနည်းငယ်က မြစ်ချောင်းများစွာရှိသော နေရာများတွင် မိုးပိုမိုသည်းထန်လာမှုကြောင့် မြစ်ကမ်းပါးများ ပြိုကျခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

မတ်လက ဘူဒူဒါခရိုင်တွင် မြေပြိုမှုကြောင့် လူ ၃၅၀ ထက်မနည်း သေဆုံးခဲ့ရပြီး လူပေါင်းထောင်ချီ၍ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီတလီတောင်ပိုင်းတွင် မီးလောင်မှု ၂၂ ကြိမ် ဖြစ်ပွား

ရောမ ဩဂုတ် ၁၅

အီတလီနိုင်ငံတောင်ပိုင်းတွင် စနေနေ့ကအပူချိန်မြင့်မားလွန်းသဖြင့် မီးလောင်ကျွမ်းမှု ၂၂ ကြိမ် ဖြစ်ပွားကြောင်း သတင်းတွင်ဖော်ပြသည်။

မီးလောင်သောနေရာများကို မီးသတ်လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ငြိမ်းသတ်ခဲ့ကြောင်း မြို့ပြကာကွယ်ရေးဌာနက ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

အဓိကမီးလောင်ကျွမ်းမှုဖြစ်ပွားသောနေရာသည် စစ္စလီကျွန်းဒေသဖြစ်ပြီး လက်တီယက်ဒေသတွင်မူ နှစ်ကြိမ်လောင်ကျွမ်းသည်။ ကာကွယ်ရေးဌာနအဆိုအရ မီးလောင်မှုအများအပြားသည် လူတို့ပယောဂကြောင့်ဖြစ်သည်။

ဩဂုတ်လနွေရာသီတွင် အီတလီနိုင်ငံသားတို့ အားလပ်ရက် ခရီးထွက်ကြရာ မိုးလေဝသ သတိပေးချက်ကို ရက်သတ္တတစ်ပတ်လုံးအမြင့်ဆုံးအနေအထားဖြင့် ထုတ်ပြန်ထားသည်။အီတလီနိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်နေရာ သောကြာနေ့က လီဂူရီယာဒေသတွင် တော်နေဒိုးမုန်တိုင်းကြောင့် ပင်လယ်ကမ်းခြေများကို ပျက်စီးစေပြီး မြို့များတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ် လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩဂုတ် ၁၅ ရက်က တရုတ်နိုင်ငံ ကျန်းစုပြည်နယ် ကျောက်ရှူမြို့ မြေပြို၍ သေဆုံးသူများအတွက် ဝမ်းနည်းသောနေ့ ကျင်းပစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

တရုတ်တွင် မြေပြို၍သေဆုံးသူများအတွက် ဝမ်းနည်းသောနေ့ ကျင်းပ

ပေကျင်း ဩဂုတ် ၁၅

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ယခုသီတင်းပတ် စောစောပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့်မြေပြိုမှုများဖြစ်ပေါ်ခဲ့ရာ သေဆုံးသူ ၁၂၀၀ကျော်အတွက် ဝမ်းနည်းသည့်အထိမ်းအမှတ်အနေဖြင့် တနင်္ဂနွေနေ့က ရုပ်ရှင်ရုံ များပိတ်၍ ကျောက်မီးသွေးတွင်းအလုပ်သမားများ အလုပ်ရပ်နားခဲ့ကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများသည် ရေလွှမ်းမိုးမှုဖြစ်ပွားရာဒေသတွင် အသက်ရှင်ကျန်ရစ်သူများကို အပြေးအလွှားကယ်ဆယ်လျက်ရှိသည်။

ထုတ်လွှင့်ပြသ

ကယ်ဆယ်ရေးသမား ၅၀၀၀ ခန့်နှင့် ဒေသခံများသည် နံနက် ၁၀ နာရီတွင် အချက်ပေးဥသြဆွဲလိုက်သည်နှင့် ဦးခေါင်းများကိုညွှတ်၍ ခေတ္တမျှငြိမ်သက်နေကြသည်။ ကျောက်မီးသွေးတွင်းအလုပ်သမားများနှင့် တရုတ်နိုင်ငံ အနောက်ပိုင်းရှိ မီးရထားဝန်ထမ်းများသည်လည်း ဝမ်းနည်းသည့်အနေဖြင့် ဦးခေါင်းများညွှတ်၍ ငြိမ်သက်နေသည့်မြင်ကွင်းကို နိုင်ငံပိုင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသွားသည်။

ရုပ်ရှင်ရုံများနှင့် ကာရာအိုကေခန်းများကို ပိတ်စေခဲ့ပြီး ကပွဲရုံများကိုလည်း ရပ်နားစေခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ အစိုးရရုံးများတွင်လည်း နိုင်ငံတော်အလံကို တိုင်တစ်ဝက်သာ လွှင့်ထူစေခဲ့သည်။ ကျန်းစုပြည်နယ်တွင် ဩဂုတ် ၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၂၃၉ဦး သေဆုံးပြီး လူနေအိမ်များနှင့် အခြားအဆောက်အအုံများစွာ နစ်မြုပ်ပျက်စီးခဲ့ရသည်။ လူပေါင်း ၅၀၅ ဦးမှာပျောက်ဆုံးနေဆဲဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားသည်။ လူမှုရေးရာဝန်ကြီးဌာနကလည်း အနည်းဆုံးလူ ၄၅၀၀၀ ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီဟု ဆိုသည်။

သုံးကြိမ်မြောက်

တရုတ်နိုင်ငံတွင် ယနေ့(တနင်္ဂနွေနေ့)ပြုလုပ်သော ဝမ်းနည်းခြင်းအထိမ်းအမှတ်အောက်မေ့ဖွယ်အခမ်းအနားသည် နှစ်နှစ်အတွင်း သုံးကြိမ်မြောက်ပြုလုပ်ရခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်က စီချွမ်ပြည်နယ်တွင် လှုပ်ခဲ့သောငလျင်ကြောင့် လူပေါင်း ၉၀၀၀၀ နီးပါးသေဆုံးခဲ့ရပြီး ယူရှုးတွင်လှုပ်ခဲ့သောငလျင်ကြောင့် လူပေါင်း ၂၆၉၈ ဦး သေဆုံးခဲ့ရသည်။

စီချွမ်ပြည်နယ်အနောက်တောင်ပိုင်းတွင်လည်း စနေနေ့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၃၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသွားသည်။ ***အင်တာနက်။***

တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းရှုခင်း

ပင်လယ်ဝါရေပြင်ပေါ်မှ လှိုင်းဂယက်များကို အကြောင်းပြု၍ . . .

ကမ္ဘာပေါ်မှာ အင်္ဂလိပ်ဘာသာအားဖြင့် အရောင်ကို အစွဲပြုပြီးခေါ်တဲ့ ပင်လယ်လေးစင်းရှိပါတယ်။ အဲဒါတွေကတော့ ပင်လယ်နက် (Black Sea)၊ ပင်လယ်နီ (Red Sea)၊ ပင်လယ်ဖြူ (White Sea)နဲ့ ပင်လယ်ဝါ (Yellow Sea)တို့ပါပဲ။

ပင်လယ်ဝါဆိုတာဟာ အရှေ့တရုတ်ပင်လယ်ရဲ့ မြောက်ဘက်အစိတ်အပိုင်းဖြစ်ပြီး တရုတ်ပြည်မကြီးနဲ့ ကိုရီးယားကျွန်းဆွယ်တို့ရဲ့ကြားမှာ တည်ရှိပါတယ်။ အာရှအလယ်ပိုင်း ဂိုဘီကန္တာရကြီးဆီကနေ တိုက်ခတ်လာတဲ့ သဲမုန်တိုင်းတွေနဲ့ အတူ သယ်ဆောင်လွင့်ပါးလာတဲ့ သဲမှုန်တွေ ပင်လယ်ရေပြင်ပေါ်ကို ကျရောက်မှုကြောင့် နေဝင်ချိန်များမှာ ရွှေဝါရောင်တောက်ပနေတတ်တာကိုအစွဲပြုပြီး ပင်လယ်ဝါလို့ အမည်သညာပြုခဲ့ကြတာပါ။ ကိုရီးယားကျွန်းဆွယ်မှာရှိတဲ့ တောင်နဲ့မြောက်ကိုရီးယားနှစ်နိုင်ငံကတော့ သူတို့ရဲ့ အနောက်ဘက်မှာရှိနေတဲ့ ပင်လယ်ဝါကြီးကို အနောက်ပင်လယ်လို့ ခေါ်ကြပါတယ်။

သတင်းစာဖတ်ပရိသတ်ကြီး သိကြတဲ့အတိုင်း ပြီးခဲ့တဲ့ မတ်လ ၂၆ ရက်နေ့က ပင်လယ်ဝါထဲမှာ တောင်ကိုရီးယားရေတပ်သင်္ဘောတစ်စင်း ပေါက်ကွဲနစ်မြုပ်ခဲ့ရမှုနဲ့ ပတ်သက်ပြီး ကိုရီးယားနှစ်နိုင်ငံအကြား တင်းမာမှုတွေမြင့်တက်လာခဲ့သလို ကမ္ဘာ့အင်အားကြီးနိုင်ငံတွေအနေနဲ့လည်း ပင်လယ်ဝါကို အာရုံစိုက်လာခဲ့ကြပါတယ်။

ပင်လယ်ဝါ တည်နေရာပြ မြေပုံ။

တောင်ကိုရီးယားစစ်သင်္ဘောနစ်မြုပ်မှုကို အကြောင်းပြုပြီး အမေရိကန်နဲ့ တောင်ကိုရီးယားတို့ရဲ့ နှစ်နိုင်ငံရေတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြီးခဲ့တဲ့ ဇူလိုင် ၂၅ ရက်နေ့ကနေ ၂၇ ရက်နေ့အထိ ဂျပန်ပင်လယ်ပြင်မှာ အင်အားအလုံးအရင်းနဲ့ ပြုလုပ်ခဲ့ကြပါတယ်။

တကယ်တော့ တင်းမာမှုတွေ မြင့်မားနေတဲ့အချိန်နဲ့ နေရာဒေသမှာ ခုလို အင်အားပြ စစ်ရေးလေ့ကျင့်မှုနဲ့ ပတ်သက်ပြီး ဒေသတွင်း အင်အားကြီးနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ စနိုးစနောင့်ဖြစ်ခဲ့ရကြောင်း ထုတ်ဖော်ပြသခဲ့သလို တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ တရုတ်ရေတပ်မတော်ရဲ့ စစ်ရေးလေ့ကျင့်မှုကို တောင်တရုတ်ပင်လယ်ပြင်မှာ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။

လေ့လာကြည့်မယ်ဆိုရင် အရှေ့အာရှနဲ့ အရှေ့တောင်အာရှဒေသတစ်ဝိုက်က ရေပြင်တွေဟာ နိုင်ငံများစွာရဲ့ နယ်နိမိတ်တွေနဲ့ ထွေးရောယှက်တင်ထိစပ်နေပြီး ရေပြင်ပိုင်ဆိုင်မှု၊ ကျွန်းစု၊ ကျွန်းငယ်တွေ ပိုင်ဆိုင်မှုစတဲ့ ပိုင်ဆိုင်မှုတွေနဲ့ ပတ်သက်ပြီးတော့လည်း အငြင်းပွားနေရတဲ့ နေရာတွေ အများအပြားရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ တချို့ကျွန်းတွေဆိုရင် ရာစုနှစ်နဲ့ချီပြီး အငြင်းပွားနေကြရတာပါ။ ဒီကိစ္စတွေမှာ ပါဝင်ပတ်သက်နေကြတဲ့ နိုင်ငံတွေအနေနဲ့ကလည်း မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေပိုင်နက်ပိုင်ဆိုင်မှုတွေကို နည်းနည်းကလေးမှ အထိပါးမခံနိုင်ကြသလို အမျိုးသားအကျိုးစီးပွားကိုလည်း တစ်ရွေးသားမှ ပဲ့ပါမခံနိုင်ကြပါဘူး။ တစ်ဖက်မှာလည်း အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တွေ၊ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေစတဲ့ အကြောင်းကြောင်းတွေကြောင့်သာ အပြတ်မရှင်းနိုင်ဘဲ ငြင်းခုံနေခဲ့ကြရတာပါ။

ဒီလိုအချိန်၊ ဒီလိုနေရာမှာ ဒီဒေသကမဟုတ်ဘဲ ပြင်ပကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုက ပါဝင်လာပြီး အင်အားကြီးမားလှတဲ့ စစ်သင်္ဘောအုပ်စုကြီးနဲ့အတူ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေက ရေတပ်သင်္ဘောတွေနဲ့ယှဉ်တွဲပြီး စစ်ရေးလေ့ကျင့်မှုတွေ တစ်ခုပြီးတစ်ခု **(a series of naval training activities)** ပြုလုပ်နေတာနဲ့ ပတ်သက်ပြီးတော့ ဝေဖန်မှုတွေ ပေါ်ထွက်လာတာကိုလည်း သတင်းများမှာ ဖော်ပြထားကြပါတယ်။

ဂျပန်ပင်လယ်ပြင်၌ တောင်ကိုရီးယားရေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့သည့် အမေရိကန်လေယာဉ်တင် သင်္ဘောကြီး ယူအက်စ်အက်စ်ဂျော့ဝါရှင်တန်၏ ကုန်းပတ်တစ်နေရာ။

အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ထိပ်တန်းစစ်ဘက်အရာရှိကြီးတစ်ဦးက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ထုတ်ဝေတဲ့ သတင်းစာမှာ အမေရိကန်တပ်ဖွဲ့တွေရဲ့ အာရှဒေသတွင်း စစ်ရေးလေ့ကျင့်မှု အစီအမံများဟာ သမ္မတအိုဘားမားရဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဝိုင်းရံထားဖို့ ကြိုးပမ်းချက်တစ်ရပ်ဖြစ်ပြီး ဒေသတွင်း မတည်မငြိမ်ဖြစ်လာစေဖို့ မျိုးစေ့ချခြင်းသာဖြစ်တယ်လို့ ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပါတယ်။

ဒါ့အပြင် တရုတ်ရဲ့ရေပိုင်နက်များအနီးမှာကပ်ပြီး စစ်ရေးလေ့ကျင့်မှုတွေတစ်ခုပြီးတစ်ခု လုပ်နေတာဟာ အမေရိကန်အစိုးရအနေနဲ့ "စစ်သင်္ဘောသံခင်းတမန်ခင်း" **(gunboat diplomacy)** ကို ကျင့်သုံးခြင်း ဖြစ်တယ်လို့လည်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

"စစ်သင်္ဘောသံခင်းတမန်ခင်း" **(gunboat diplomacy)** ဆိုတာ အရင်းရှင် ကိုလိုနီခေတ်ဦးမှာ အနောက်ဥရောပနိုင်ငံတွေ(အထူးသဖြင့် ဗြိတိန်)က ကျင့်သုံးခဲ့တဲ့ "နိုင်ငံငယ်တွေအပေါ် နိုင့်ထက်စီးနင်း" ဆက်ဆံခဲ့တဲ့ ပုံစံတစ်ခုဖြစ်ပါတယ်။ အရင်းရှင်နိုင်ငံကြီးတွေက မိမိတို့ တစ်နည်းနည်းနဲ့ အမြတ်ထုတ်လိုတဲ့ နိုင်ငံငယ်ရဲ့ ဆိပ်ကမ်းဆီကို ရေတပ်သင်္ဘောများနဲ့ အင်အားပြရောက်လာပြီး အမြောက်တွေ၊ သေနတ်တွေ ပစ်ဖောက်၊ စွမ်းရည်ပြခြောက်လှန့်ပြီးတဲ့နောက် လိုချင်တဲ့ အခွင့်အရေးတွေကို တစ်ခုပြီးတစ်ခု အနိုကြမ်းစီးသလို တောင်းယူတဲ့နည်းပါ။

ဒီလိုနဲ့ပဲ ခေတ်မီ စစ်လက်နက်ချို့တဲ့ပြီး အင်အားနည်းပါးတဲ့ နိုင်ငံတွေအနေနဲ့ အရင်းရှင်နိုင်ငံကြီးတွေကို အထူး ကုန်သွယ်ခွင့်တွေ၊ သဘာဝသယံဇာတထုတ်ယူခွင့်တွေ၊ တစ်ဖက်စောင်းနင်း သံတမန်အခွင့်အရေးတွေပေးခဲ့ရတဲ့ သမိုင်းကြောင်းရှိခဲ့ပါကြောင်း ဒီတစ်ပတ်အတွက် တင်ပြလိုက်ရပါတယ်။

အဲမွန်ဒြာ

ပါကစ္စတန်ရေဘေးဒုက္ခသည် သန်း၂၀အတွက် ကယ်ဆယ်ရေးအကူအညီရရှိရန် ကုလသမဂ္ဂပန်ကြား

အစ္စလာမ္မာဘတ် ဩဂုတ် ၁၅

ပါကစ္စတန်နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများကြောင့် ထိခိုက်ပျက်စီးရမှုများကို သုံးသပ်လေ့လာနိုင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ယင်းနိုင်ငံသို့ ရောက်ရှိနေသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်သည် ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီနှင့် ဝန်ကြီးချုပ် ယူဆွတ်ဖ်ရာဇာဂီလာနီတို့နှင့် တွေ့ဆုံကာ ရေဘေးပြဿနာကို မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းနိုင်မည်ကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ကုလသမဂ္ဂ အကြီးအကဲသည် ပါကစ္စတန်နိုင်ငံအတွင်း ရေလွှမ်းမိုးမှုများ အဆိုးရွားဆုံးဖြစ်ပေါ်ရာဒေသများသို့ ဩဂုတ် ၁၅ ရက် နှောင်းပိုင်းတွင် ကွင်းဆင်းလေ့လာမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၏ အိန္ဒုမြစ်ဝှမ်းဒေသအများစုတွင် ရေလွှမ်းမိုးမှုများ ပေါ်ပေါက်ခဲ့ရာ လူပေါင်း ၁၆၀၀ ထက်မနည်း သေဆုံးခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့ရသည်။

ရေလွှမ်းမိုးသည့် နေရာဒေသများမှာ ကျယ်ပြန့်လွန်းသဖြင့် စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရာတွင် အခက်အခဲများနှင့် တွေ့ကြုံနေရသည်။

ပါကစ္စတန်ရေဘေးအတွက် ကမ္ဘာ့နိုင်ငံများက ကယ်ဆယ်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြရန် ကုလသမဂ္ဂ အကြီးအကဲက တိုက်တွန်းသည်။ အိန္ဒုမြစ်ရေကြီးမှု ဆက်လက်ဖြစ်ပေါ်နေသဖြင့်နောက်ထပ်

တွေ့ဆုံ

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်(ဝဲ)နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ဖ်ရာဇာဂီလာနီတို့ ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ ဝန်ကြီးချုပ်နေအိမ်၌ ဩဂုတ် ၁၅ရက်က တွေ့ဆုံနှုတ်ဆက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေလွှမ်းမိုးမှုများ ထပ်မံပေါ်ပေါက်ဦးမည်ဟု မျှော်လင့်ရသည်။

နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် ပြည်သူ ၁ ဒသမ ၆ သန်းမှာ ရေဘေးဒုက္ခနှင့် တွေ့ကြုံနေရပြီး လူငါးသိန်းခန့်မှာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာခဲ့ကြသည်။

ဆွတ်တောင်ကြားဒေသတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုကို ပထမဆုံး တွေ့ရှိရသည်။ နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် ရေဘေးဒုက္ခသည်များမှာ အမိုးအကာမရှိသော လဟာပြင်အတွင်း အိပ်စက်နေကြရသည်။

ပါကစ္စတန် ရေဘေးဒုက္ခသည် သန်း ၂၀အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရန် ဘန်ကီမွန်းက တိုက်တွန်းပြီး ရေဘေးအတွက် ငွေကြေးအကူအညီ ဒေါ်လာသန်း ၄၆၀ရရှိရန် ကုလသမဂ္ဂက ပန်ကြားထားသည်။

အင်တာနက်။

သဘာဝဘေးအန္တရာယ် သတင်းများ

ပေါ်တူဂီနိုင်ငံတွင် တောမီးလောင်ကျွမ်း မီးသတ်သမား ၆၀၀ ကျော် ငြိမ်းသတ်နေ

လစ္စဘွန်း ဩဂုတ် ၁၅

ပေါ်တူဂီနိုင်ငံရှိ ဒေသသုံးနေရာတွင် တောမီးများ လောင်ကျွမ်းလျက်ရှိကြောင်း၊ ဆိုးဆိုးရွားရွား တောမီးလောင်ကျွမ်းမှု ၂၆ခုထက်မနည်းရှိပြီး မီးသတ်သမား ၆၀၀ ကျော်က ငြိမ်းသတ်လျက်ရှိကြောင်းအရပ်ဘက်ကာကွယ်စောင့်ရှောက်ရေး အာဏာပိုင်အဖွဲ့က ဩဂုတ် ၁၅ ရက်တွင် ပြောကြားသည်။

ပေါ်တူဂီနိုင်ငံမြောက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ဇူလိုင်လသည် အပူဆုံးလတစ်လဖြစ်ခဲ့ပြီး နှစ်ပေါင်း ၈၀အတွင်း စံချိန်တင်ရလောက်သော အပူချိန်ဖြစ်ပေါ်ခဲ့သည်။စပိန်နိုင်ငံ၏ မြောက်ဘက် နယ်စပ်ဒေသမှ မဝေးကွာသော ဆင်ထရာမြို့အနောက်တောင်ဘက်တွင် ဆိုးဆိုးရွားရွားတောမီးလောင်မှုဖြစ်ပွားလျက်ရှိသည်။

ပေါ်တူဂီနိုင်ငံ အလယ်ပိုင်းတွင်လည်း တောမီး လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

မြောက်ပိုင်းဒေသ၌ တည်ရှိသော ဆာရာဒါအက်စထရီလာ အမျိုးသားဉယျာဉ်တွင် တောမီးလောင်ကျွမ်းမှုများအနက် အကြီးကျယ်ဆုံး တောမီးလောင်ကျွမ်းမှုတစ်ခုကို ဩဂုတ် ၁၅ ရက်တွင် ထိန်းချုပ်နိုင်ပြီဖြစ်သည်။

တောမီးလောင်ကျွမ်းမှုများကို ငြိမ်းသတ်ရာတွင် မီးသတ်ယာဉ်အစီး ၂၀၀ ကျော်နှင့် ရဟတ်ယာဉ်ကိုးစင်းကို အသုံးပြုခဲ့သည်။

အင်တာနက်။

ပေါ်တူဂီနိုင်ငံမြောက်ပိုင်း၌ လောင်နေသောတောမီးအား ဩဂုတ် ၁၃ရက်က မီးသတ်လေယာဉ်တစ်စင်းက ကောင်းကင်မှရေဖျန်း၍ ငြိမ်းသတ်နေခြင်းအား လူတစ်ဦးကကြည့်ရှုနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆေးပညာသတင်းဆန်းများ (၈)

ဒေါက်တာကံညွန့်

ဆေးသိပ္ပံပညာရှင်တွေဟာ လူသားမျိုးနွယ်စုရဲ့ အကျိုးအတွက် အမျိုးမျိုး သုတေသနလုပ် အားထုတ်ခဲ့ကြတာ အခုဆိုရင် အမေရိကန်နိုင်ငံက မျိုးရိုးဗီဇဆိုင်ရာ ဆေးသိပ္ပံသုတေသီပညာရှင်တစ်စုရဲ့ အောင်မြင်မှု တစ်ခုကြောင့် အဆင့်တစ်ခုကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ သူတို့ဟာ ပြုပြင်ဖန်တီးထားတဲ့ DNA ကို ဗက်တီးရီးယားတစ်ခုမှာ အောင်မြင်စွာ ထည့်သွင်းပြုလုပ်နိုင်ခဲ့ကြလို့ပါပဲ။ DNA ဆိုတာ မျိုးရိုးဗီဇကို သယ်ဆောင်တဲ့ Cell တစ်ခုရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းပါ။ ဒီလုပ်ရပ်ကြောင့် ဇီဝမျိုးပွားကိစ္စတွေမှာရော ပုံတူသက်ရှိ သတ္တဝါဖန်တီးရာမှာသော် လည်းကောင်း၊ မျိုးရိုးကြောင့် ဖြစ်ပွားတဲ့ရောဂါတွေ တားဆီးရာမှာသော်လည်းကောင်း၊ တခြားရောဂါအမျိုးမျိုးကို ကုသရာမှာသော်လည်းကောင်း အသုံးဝင်မယ့် အောင်မြင်မှုအဆင့်တစ်ခုလို့ သတ်မှတ်လိုက်ကြပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ MaryLand ပြည်နယ်က JCVI သုတေသနဌာနက Dr. Craig Venter နှင့် အဖွဲ့က တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။

ဒီတွေ့ရှိချက်ကြောင့် သိပ္ပံနယ်ပယ်မှာရော နိုင်ငံရေးနယ်ပယ်နှင့် သဘာဝပတ်ဝန်းကျင်နယ်ပယ်မှာပါ ဂယက်ရိုက်ခတ်ခဲ့ပါတယ်။ ဒီတွေ့ရှိမှုကြောင့် လူသားမျိုးရိုးကိုပါ ပြောင်းလဲပစ်နိုင်ပြီး အစွမ်းထက်တဲ့ ဇီဝလက်နက်တွေကိုပါ ထုတ်လာနိုင်မလားဆိုပြီး စိုးရိမ်စိတ်တွေ ဖြစ်လာကြပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ တရုတ်နိုင်ငံမှာ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကြောင့် လည်းကောင်း၊ အိမ်တွင်းဝန်းကျင် လေထုညစ်ညမ်းမှုကြောင့်လည်းကောင်း၊ နှစ်စဉ် ငါးနှစ်အောက်ကလေး တစ်သန်းကျော် သေဆုံးနေရတယ်ဆိုတဲ့ သတင်းပါပဲ။ တရုတ်နိုင်ငံဟာ စက်မှုဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးတိုးတက်အောင် ဆောင်ရွက်လာတဲ့အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို မထိန်းသိမ်းနိုင်လို့ အခုလိုဖြစ်ရတာဆိုပြီး တရုတ်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ၎င်းတို့ရဲ့ လေ့လာချက်အရ တရုတ်နိုင်ငံမှာ ကုန်ထုတ်စက်ရုံတွေကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းရုံသာမဟုတ်ဘဲ အိမ်တွင်းဝန်းကျင်မှာလည်း အိမ်သုံးပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းတွေမှာ အသုံးပြုနေတဲ့ ပစ္စည်းတွေကြောင့် လေထုညစ်ညမ်းရတာလို့ ထောက်ပြထားပါတယ်။ အိမ်သုံးပရိဘောဂနှင့် ပစ္စည်းအသုံးအဆောင်တွေမှာ ဖော်မယ်ဒီဟိုက် (Formaldehyde)၊ အမိုးနီးယား (Amonia)၊ အီသလင်းဒိုင်အောက်ဆိုဒ် (Ethylene Dioxide)၊ မယ်လမင်း(Melamine) စတဲ့ ဓာတုပစ္စည်းတို့ကြောင့် ဖြစ်ကြောင်းနှင့် ၎င်းတို့အထဲမှာ Formaldehyde က အသက်ရှူလမ်းကြောင်း၊ ဦးနှောက်နှင့် ကိုယ်ဝန်ဆောင်မိခင်တို့ကို အကြီးအကျယ်ဒုက္ခပေးကြောင်း ဖော်ပြထားပါတယ်။

ထပ်မံပြီး အင်္ဂလန်နိုင်ငံက ထူးထူးခြားခြား မွေးဖွားခဲ့တဲ့ ခြောက်မြွာပူး သတင်းတစ်ပုဒ်ကို ဖော်ပြလိုပါတယ်။ အင်္ဂလန်နိုင်ငံက Vicky Lamb လို့ခေါ်တဲ့ (၃၁) နှစ်အရွယ် အမျိုးသမီးက မိန်းကလေး လေးယောက်၊ ယောကျ်ားလေး နှစ်ယောက်ပါတဲ့ ခြောက်မြွာပူးကို ၂၀၁၀ ခုနှစ် မေလ ၂၁ရက်နေ့က အောင်မြင်စွာ မွေးဖွားခဲ့ပါတယ်။ မွေးဖွားချိန်မှာ အကြီးဆုံးကလေးက ၁ ပေါင် ၁၅ အောင်စရှိပြီး အငယ်ဆုံးကလေးကတော့ ၁ ပေါင် ၅အောင်စသာရှိပါတယ်။ အင်္ဂလန်နိုင်ငံမှာ ၂၅ နှစ်အတွင်း ပထမဦးဆုံး မွေးဖွားတဲ့ ခြောက်မြွာပူးဖြစ်ပြီး ဒီထက်အရင် ၂၅ နှစ်ကျော် ၁၉၈၃ ခုနှစ်က Janet and Graharm Walton တို့မိသားစုက ကမ္ဘာပေါ်မှာ ပထမဆုံး မိန်းကလေးချည်း ခြောက်ယောက်ပါတဲ့ ခြောက်မြွာပူးကို မွေးဖွားခဲ့တာဖြစ်ပါတယ်။ သူတို့အားလုံး အသက်ရှင်နေလျက်ပဲလို့ သိရပါတယ်။ ဒီလိုမွေးဖွားမှုဟာ ရှားပါးလွန်းလှပြီး ကိုယ်ဝန်ဆောင်ပေါင်း ၄ ဒသမ ၅ သန်းမှာမှ တစ်ယောက်သာ ဖြစ်နိုင်ခြေရှိကြောင်း သိရပါတယ်။

နောက်ထပ်သတင်းတစ်ပုဒ်က အသက်ကြီးပြီး ရင်သားကင်ဆာ ဖြစ်နေသူ အမျိုးသမီးတွေမှာ Lumpectomy ခေါ်တဲ့ ရင်သားကင်ဆာ အကျိတ်ကို ခွဲထုတ်ပြီးတဲ့အခါ Radiation ခေါ်တဲ့ ဓာတ်ကင်တာကို ခံနိုင်စွမ်းမရှိခဲ့လျှင် Tamoxifen ဆိုတဲ့ဆေးနဲ့ အောင်မြင်စွာ ထိန်းသိမ်းကုသနိုင်ကြောင်း တွေ့ရှိချက်ဖြစ်ပါတယ်။ ရင်သားကင်ဆာအတွက် စောစောသိဖို့၊ ကာကွယ်ဖို့၊ ကုသဖို့ အမျိုးမျိုးကြိုးစားလာခဲ့ကြတာမှာ ယခုအခါ အမေရိကန်နိုင်ငံ Boston ပြည်နယ် မက်ဆာချူးဆက် ဆေးရုံကြီးမှ Dr.Kevin Hlughes ခေါင်းဆောင်တဲ့ အဖွဲ့က လေ့လာတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ၎င်းတို့အဖွဲ့ဟာ ၁၂နှစ်ကြာမျှ ရင်သားကင်ဆာ ဝေဒနာရှင် ၆၃၆ ဦးကို Tamoxifen ဆေးပေးပြီး စမ်းသပ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရင်သားကင်ဆာကို စောစောသိပြီး ဓာတ်ကင်ကုသခြင်းမခံယူလိုကြသူ အမျိုးသမီးများအတွက် ကုထုံးတစ်ခုပေါ်ထွက်လာကြောင်း တင်ပြလိုက်ရပါတယ်။

ဆက်လက်ပြီး တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ တစ်နေ့မှာ အကြိမ် ၂၀၀ လောက် တက်တဲ့ ထူးထူးခြားခြား ရောဂါတစ်မျိုးခံစားနေရတဲ့ ကလေးတစ်ယောက်အကြောင်းပါပဲ။ Aaron နှင့် Conor ဆိုတဲ့ အမြွာညီအစ်ကို နှစ်ဦးဟာ လွန်ခဲ့တဲ့မတ်လက မွေးခဲ့ကြတာပါ။ သူတို့ဟာ သုံးလသားအရွယ်သာ ရှိပါသေးတယ်။ သူတို့ထဲက Aaron ဟာ Ohtahara Syndrone လို့ခေါ်တဲ့ ဦးနှောက်ဖောက်ပြန်တဲ့ ရောဂါတစ်ခုကို ခံစားရပြီး တစ်နေ့မှာ အကြိမ် ၂၀၀ လောက် တက်နေတတ်ပါတယ်။ သူ့ကိုဘယ်ဆေးနဲ့မှ ထိန်းမရနိုင်ဘဲ နောက်ဆုံးမှာ သူ့ကိုကုသပေးကြတဲ့ ကလေးဆရာဝန်တွေနဲ့ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ခွဲစိတ်ဆရာဝန်ကြီးတွေက ဦးနှောက်ရဲ့ အစိတ်အပိုင်းတစ်ခုကို လုံးဝဖြတ်ထုတ်ပစ်လိုက်ကြပါတယ်။ ယင်းသို့ ခွဲစိတ်ကုသရာမှာ ၁၂နာရီ ကြာမြင့်ခဲ့ပါတယ်။ အခုဆိုရင် Aaron လေးဟာ လုံးဝတက်ခြင်း မရှိတော့ဘဲ ကောင်းမွန်နေတယ်လို့ သိရပါတယ်။ ဦးနှောက်အစိတ်အပိုင်းမရှိဘဲ အသက်ရှင်နေတဲ့ ကလေးတစ်ယောက်အကြောင်းပါပဲ။

ဆက်လက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကိုယ်ခန္ဓာအတွင်း အဖုအကျိတ်ရောင်ကင်ဆာရောဂါ (Non-Hodgkin Lymphoma) ဆိုတဲ့ ရောဂါကပ်ရောက်နေသူတွေမှာ နေထိုင်စားသောက်မှု (Life Style) ပုံစံကို ပြောင်းလဲပါက ပိုမိုအသက်ရှည် နေထိုင်နိုင်ကြမယ်ဆိုတဲ့ လေ့လာချက်သတင်းပါပဲ။ ဆေးလိပ်သောက်သူ၊ အရက်သောက်သူနှင့် အဝလွန်သူတို့ဟာ ၎င်းတို့ရဲ့ Life Style ပုံစံကို မပြောင်းလဲပါက သာမန်လူများထက် အသက်ဆုံးရှုံးရန် ပိုပြီးအခွင့်အလမ်းရှိကြောင်း ကင်ဆာသုတေသီတို့က တင်ပြထားကြပါတယ်။ အနှစ် ၂၀ ဆေးလိပ်သောက်ထားသူတို့ဟာ သာမန်လူတို့ထက် ၇၆ရာခိုင်နှုန်း အသက်ဆုံးရှုံးနိုင်ပြီး အဝလွန်သူတို့က အဝမလွန်သူတို့ထက် ၃၂ရာခိုင်နှုန်း ပိုပြီးအသက် ဆုံးရှုံးနိုင်ကာ အရက်သောက်သူတို့ကလည်း ထို့အတူပဲ အသက်ဆုံးရှုံးနိုင်ကြောင်း တင်ပြထားကြပါတယ်။ ကင်ဆာရောဂါလို့ သိလိုက်တာနဲ့ အခြေအနေတွေကို ပြောင်းလဲနေထိုင်ကြရင် ကင်ဆာရောဂါရဲ့ သေမယ့်ဘေးက အတော်အတန် လွတ်မြောက်နိုင်ကြောင်း ဖော်ပြလိုက်ရပါတယ်။

အခုနောက်ဆုံး ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ နှလုံးရောဂါရှိသူ ဝေဒနာရှင်များဟာ အပျော်အပါးမလိုက်စားသင့်ကြောင်း အမေရိကန် သုတေသီများက အမေရိကန်နှလုံးရောဂါအစည်းအဝေးမှာ ပြောကြားလိုက်တယ်ဆိုတဲ့သတင်းပါ။ အမှန်တော့ အပျော်အပါးလိုက်စားသူတို့ ပျော်ပါးနိုင်အောင် စွမ်းဆောင်ပေးတဲ့ အစွမ်းထက်ဆေးတွေပေါ်နေတာ ဆယ်စုနှစ်နှစ်ခုသာသာရှိခဲ့ပါပြီ။ ၎င်းဆေးတွေကတော့ Sildenafil (Viagra)၊ Tadalafil (Cialis) နှင့် Vardenafil (Levitra) တို့ ဖြစ်ကြပါတယ်။

ဒီဆေးတွေဟာ တချို့နှလုံးရောဂါအခံရှိသူတွေ သောက်သုံးကြရတဲ့ Nitroglycerine (Nitrol) Iso Sorbide monnitrate (Imdur)၊ Iso Sorbide dinitrate (Isordil)နောက်သွေးကျဲဆေး (Anticoagulant)၊ ဆီးကျိတ်ရောင်ရောဂါမှာ သုံးစွဲရတဲ့ Alpha Blocker ဆေးများ၊ သွေးကျဆေးများ သုံးစွဲနေရသူများတွင် သတိထားစားသုံးသင့်ကြောင်း ဆေးတွေစပေါ်စဉ်ကပင် သတိပေးထားခဲ့ကြတာ ဖြစ်ပါတယ်။

ဒါပေမယ့် အပျော်အပါးလိုက်စားသူ အသက် ၆၀ကျော်အရွယ် လူအများမှာ မဆင်မခြင်စားသုံးကြတဲ့အတွက် နဂိုနှလုံးရောဂါအခံရှိမှန်း မသိသူတို့မှာ အသက်ဆုံးရှုံးသည်အထိဖြစ်ရကြောင်း မကြာခဏသတင်းများမှာ သိရှိရပါတယ်။ ယခုလေ့လာချက်အရ နှလုံးရောဂါခံစားနေကြရသူ ၁၇၀၀ကို သုတေသနပြုဆန်းစစ်ခဲ့ကြရာ ယင်းဝေဒနာရှင်များဟာ ကာမဂုဏ် ခံစားနေစဉ်အတွင်း အသက်ပျောက်မည့် အခွင့်အလမ်းများ ရှိကြောင်း သုတေသနအဖွဲ့ ခေါင်းဆောင်က ပြောကြားခဲ့ကြောင်း သိရပါတယ်။ ၎င်းအပြင် သူတို့လေ့လာချက်အရ အသက် ၅၉ နှစ်အရွယ် အမျိုးသားများက ၆၁ နှစ်အရွယ် အမျိုးသမီးများထက် လိင်စိတ်ပိုမို ပြင်းပြကြောင်းလည်း တွေ့ရှိရတယ်လို့ ဖော်ပြထားပါတယ်။ ယင်းအရွယ် အပျော်အပါးလိုက်စားသူတို့ဟာ အများအားဖြင့် လိင်အစွမ်းထက် ဆေးဝါးများကို မှီဝဲပြီးမှ ပျော်ပါးတတ်ကြတာများပါတယ်။

ဒါကြောင့် အခုထွက်ပေါ်လာတဲ့ လေ့လာတွေ့ရှိချက်အရ နှလုံးရောဂါအခံရှိသူတို့မှာ အပျော်အပါးလိုက်စားပါက အသက် အန္တရာယ်ရှိနိုင်တဲ့အပြင် ဖော်ပြပါ အစွမ်းထက်ဆေးတွေသုံးစွဲပြီး အပျော်အပါးလိုက်စားပါက ပို၍ပို၍ အသက်အန္တရာယ်ပေးနိုင်ကြောင်း တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းကော်မတီနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ တွေ့ဆုံ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန်ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က အဖွင့်အမှာစကား ပြောကြားပြီး စည်းရုံးရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က စည်းရုံးရေး လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် အဖွဲ့အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က အဖွဲ့၏ လုပ်ငန်းဆောင်ရွက် ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ရန်ကုန်တိုင်း မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြို့နယ်အဖွဲ့များ၏တင်ပြချက်များအပေါ် အဖွဲ့ဥက္ကဋ္ဌ၊ စည်းရုံးရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအဖွဲ့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝန်ထမ်းများ သရက်ကုန်း-ပေါက်တောကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၄ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၅

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ် နောင်ခရီကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးညွန့်လွင်က အမှာစကားပြောကြားပြီး မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်အေးမင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းကိုလည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက စက်ဘီးစီးသူများ၊ ခြေကျင်လျှောက်သူများ၊ ဆိုင်ကယ်စီးသူများလိုက်နာရမည့် စည်းကမ်းချက်များနှင့် လက်အချက်ပြစနစ်များကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဇာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်သည်။

အလားတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် ကျွဲခြံကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးစိုးဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်လှထွန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းဟောပြောပို့ချကြကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဇာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ်အတွဲ(၇)၊ အမှတ် (၁၆) ထွက်ပြီ

နေပြည်တော် ဩဂုတ် ၁၅

သိဟ်ရာသီ ဝါခေါင်လ၏ ခတ္တာပန်းများ ပွင့်လန်းခြင်းနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၆) အား ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ထုတ်ဝေလိုက်ပြီ ဖြစ်ပါသည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးအထွက်တိုးစေရာ ယူရီးယားမြေဩဇာ စနစ်တကျသုံးစွဲပါ၊ သံပရာစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးစေရန်၊ စပါးပန်းတိုင်အထွက်နှုန်းရရှိရေး ပြုပြင်ဆောင်ရွက်ရန် နည်းစနစ်များစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ငါးရိုင်းများမှရသော သဘာဝသယံဇာတတန်ဖိုးများ၊ ဝက်မွေးမြူရေးနှင့် ပတ်ဝန်းကျင် အပူအအေးသက်ရောက်မှု၊ သားမွေးနွားမများနှင့် အချင်းကျန်ရောဂါ၊ အသားစားကြက်များတွင် ဖြစ်ပွားတတ်သည့် ရောဂါများနှင့် ကာကွယ်ရန်နည်းလမ်းများ စသည့် မွေးမြူရေးဆောင်းပါးများ၊ ရာသီတုပ်ကွေးနှင့်တိုင်းရင်းဆေး၊ ဆေးဖက်ဝင်သည့် ဖန်ခါးပင်၊ အချိုရည်နှင့် ကျန်းမာရေး၊ စုပေါင်းကာကွယ် ကြွက်အန္တရာယ်၊ ဆေးဖက်ဝင်ထန်းပင်၊ သွေးတိုးကင်းဝေး ကျန်းမာရေးစသည့် ကျန်းမာရေးဆောင်းပါးများ၊ ဂုဏ်ယူဝင့်ထည် မြန်မာ့ချည်ထည်၊ အသွင်သစ်နှင့် ရွှေပြည်သစ် စာကြည့်တိုက် စသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ ယနေ့နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ အမျိုးသားနိုင်ငံရေး လမ်းကြောင်း၊ ဒို့ကျေးရွာ၏ မနက်ဖြန် (၁)စသည့် နိုင်ငံရေးဆောင်းပါးများ၊ ဂရိနိုင်ငံအကြောင်းသိကောင်းစရာ၊ လူကုန်ကူးမှု တိုက်ဖျက်ရေး အရှိန်အဟုန်မြှင့်ရန်လို၊ ပထမဆုံး တယ်လီဖုန်းကို တီထွင်သူ မာတင်ကူးပါး၊ ပြည်တွင်းဆန်စားသုံးမှု ဖူလုံရေး ဖိလစ်ပိုင်မြှင့်တင်မည်၊ လာမည့် ၁၈ နှစ်အတွင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု အီလက်ထရွန်နစ် မော်တော်ကားများ သုံးစွဲလာနိုင်မည်၊ စင်ကာပူနိုင်ငံ၏ ပင်လယ်ရပ်ခြား စိုက်ပျိုးမွေးမြူရေး စီမံကိန်း၊ တရုတ်နိုင်ငံ၏ ပြောင်းဝယ်လိုအား မြင့်တက်လျက်ရှိစသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အနုပညာသည်သာ ကျွန်တော့်ဘဝ ဖြစ်ပါတယ်ဆိုတဲ့ အဆိုတော်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် တွေ့ဆုံခြင်းစသည့် အနုပညာသတင်းများ၊ အချိန်မီ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယို ဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၁၉၃၆ နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းအမှတ်စဉ် (၂/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဝန်ကြီး ဦးခင်မောင်မြင့် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော ရုံးလုပ်ငန်းထောက်အကူပြု ကွန်ပျူတာသင်တန်းအမှတ်စဉ်(၂/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က သင်တန်းသား ခေါင်းဆောင်ထံသို့ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဦးခင်မောင်မြင့်က သင်တန်းထူးချွန် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ အမှုထမ်း ၃၅ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

UMFCCI ရုံးချုပ်၌ သင်တန်းဖွင့်ပွဲနှင့် သင်တန်းဆင်းပွဲများ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သော Certificate Course for Practical Approach to International Trade အပတ်စဉ်(၁)၊ Certificate Course for Japanese Language အပတ်စဉ်(၁) သင်တန်းများဖွင့်ပွဲနှင့် Office Management အပတ်စဉ်(၃)၊ Computerized Accounting MYOB အပတ်စဉ်(၁)၊ English Proficiency Intensive အပတ်စဉ်(၁) သင်တန်းများဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး ပထမထပ် ခန်းမကြီး၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် UMFCCI ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က သင်တန်းများ ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ UMFCCI ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးနေရာကို ဆက်လက်ရယူနိုင်ခဲ့သည့် လက်ရှိချန်ပီယံရတနာပုံ

ဥသျှောင်ယူနိုက်တက်တိုက်စစ်မှူး လစ်ပီလစ်ပီနှင့် ရတနာပုံဂိုးသမား ယဉ်မင်းအောင်တို့ အကြိတ်အနယ်။

ရန်ကုန် ဩဂုတ် ၁၅

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁၂)အဖြစ် ဥသျှောင်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့သည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရတနာပုံအသင်း - လေးဂိုး

(ရိုဒရီဂူ၊ ခင်မောင်ထွန်း၊ အောင်ကျော်မိုးနှင့် အောင်ချမ်းမိုး)

ဥသျှောင်ယူနိုက်တက်အသင်း - တစ်ဂိုး

(ဗီတက်စ်)

လက်ရှိချန်ပီယံရတနာပုံအသင်းမှာ ယနေ့ပွဲတွင် ခြေစွမ်းပြကစားသွားပြီး ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးနေရာကို ဆက်လက်ရယူနိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ ပထမပိုင်းတွင် ကစားပုံထင်သလောက် မကောင်းသော်လည်း ဒုတိယပိုင်းတွင် အကောင်းဆုံးပုံစံရကာ အနိုင်ဂိုးသုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဥသျှောင်ယူနိုက်တက်အသင်းမှာ ပထမပိုင်းတွင် ကစားပုံကောင်းခဲ့သော်လည်း ဒုတိယပိုင်းတွင် ကစားအား ကျသွားသောကြောင့် မမျှော်လင့်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ပထမအကျော့အပြီးတွင် ခေါ်ယူထားသည့် နိုင်ငံခြားသားကစားသမားနှစ်ဦးဖြစ်သည့် ရိုဒရီဂူနှင့် အဆလီ တို့အပါအဝင် ခင်မောင်ထွန်း၊ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်းတို့ဖြင့် လူစုံနီးပါးပါဝင်လာသည့် ရတနာပုံအသင်းမှာ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ရန်ပိုင်မပါဝင်သောကြောင့် ရတနာပုံတိုက်စစ်အား ပျော့နေခဲ့ပြီး ဥသျှောင်တန်းကို မကျော်လွှားနိုင်ခဲ့ပေ။ ၁၅ မိနစ်တွင် ရတနာပုံအသင်း ဦးဆောင်ဂိုးရသွားပြီး ရိုဒရီဂူက သွင်းယူသွားခြင်းဖြစ်သည်။ ရတနာပုံ၏ဦးဆောင်မှုမှာ သိပ်မကြာလိုက်ဘဲ သုံးမိနစ်အကြာတွင် အသစ်ခေါ်ယူထားသော Delta ကစားသမားဟောင်း ဗီတက်စ်က ပြစ်ဒဏ်ဘောမှ တစ်ဆင့် ဥသျှောင်ယူနိုက်တက်အတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ဥသျှောင်ယူနိုက်တက်အသင်းကစားအားကျသွား၍ ရတနာပုံအသင်း စိတ်ကြိုက်ဖိကစားသွားခဲ့သည်။ အနိုင်ရရှိရေးအတွက် ရတနာပုံတိုက်စစ်အားမြှင့်လာသလို တိုက်စစ်တွဲလုံးများမှာလည်း ထိရောက်ခဲ့၍ ဥသျှောင်ခံစစ်ပေါက်ကာ သုံးဂိုးအထိပေးခဲ့ရခြင်းဖြစ်သည်။ ၅၇ မိနစ်တွင် အသင်းခေါင်းဆောင် ခင်မောင်ထွန်းက ထောင့်ကန်ဘောမှ တစ်ဆင့် ဒုတိယဂိုးသွင်းယူခဲ့ပြီး တစ်မိနစ်အကြာတွင် အောင်ကျော်မိုးက အဝေးမှကန်သွင်းပြီး တတိယဂိုးရယူခဲ့သည်။ ရတနာပုံအတွက်စတုတ္ထဂိုးကို မိနစ် ၈၀ တွင် အောင်ချမ်းမိုးက သွင်းယူခဲ့သည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ဇွဲကပင်ယူနိုက်တက် - Southern Myanmar

(ကြေးမုံ)

ရှင်းလင်းတင်ပြ

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော အောင်မင်္ဂလာရပ်ကွက် ဂါလန် ၁၅၀၀ ဆံ့သောက်သုံးရေကန် ဆောက်လုပ်ခြင်းနှင့် ရေပိုက်များသွယ်တန်းဆောင်ရွက်ပြီးစီးမှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်လယ်ဝေးမြို့နယ် မဲရုံမှူးသင်တန်းဖွင့်

နေပြည်တော်လယ်ဝေး ဩဂုတ် ၁၅

နေပြည်တော်လယ်ဝေးမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သည့် မဲရုံမှူး၊ ဒု-မဲရုံမှူး သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့နယ် ဖောင်တော်ချက်မစေတီတော် သာသနာ့ဗိမာန်၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်အောင်က သင်တန်းဖွင့်လှစ်မည့် အစီအစဉ်များရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်လွင်၊ အတွင်းရေးမှူး ဦးလှမင်းသူ၊ ကော်မတီဝင် ဦးဌေးဝင်းနှင့် ဦးသန်းလှိုင်တို့က မဲရုံမှူး၊ ဒု-မဲရုံမှူးများ လုပ်ဆောင်ရသည့် လုပ်ငန်းအစီအစဉ်များ၊ မဲရုံမှူးများလိုက်နာရမည့် စည်းကမ်းဥပဒေများအား ရှင်းလင်းပို့ချပေးခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၄၊ ၂၅ နှစ်ရက်ဖြစ်ပြီး သင်တန်းသား ၂၆၀ တက်ရောက်ကြသည်။

(၁၁၈)

ကလေးမြို့ပေါ်တွင် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ခြင်အန္တရာယ် ကင်းဝေးရေးအတွက် မြို့နယ်စည်ပင်မှ ကျန်းမာရေးမှူး(၂) ဦးရဲမင်းဝင်းနှင့်အဖွဲ့ အဖွဲ့ပိုင် တာဟန်းဈေးတွင် ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးလင်းထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ထီးနီကုန်း မူလတန်းလွန်ကျောင်းသို့ ဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်း

တောင်ငူ ဩဂုတ် ၁၅

တောင်ငူမြို့နယ် ထီးနီကုန်းမူလွန်ကျောင်း၌ ဇူလိုင် ၂၁ ရက်က ကျောင်းသား၊ ကျောင်းသူ ၃၀၀ အတွက် ကြင်ကြင်နေမင်း ဆေးလိပ်ခုံမှ ဦးသိန်းစိုးမိသားစုက ဗလာစာအုပ် ဒါဇင် ၃၀၀ နှင့် ခဲတံ ဒါဇင် ၃၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းအောင်က လက်ခံရယူသည်။

(မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၈-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ထေရုပ္ပတ္တိ - ဦးညွှတ်ကော်ရော်ပူဇော် အထူးဂုဏ်ကျေးဇူးများ
- ၇း၂၅ ၄။ ဓမ္မပူဇာတေး
- ၇း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၆။ စိုက်ပျိုးသုတ
- ၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မိုးသောက်ကြယ် (အပိုင်း-၉)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၄၀)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk Of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၇၁)**
- ၂၄။ Mini Series (အပိုင်း-၅)
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

❑ အယဉ်ဆင့်မှ

မြို့မ(၄)ရပ်ကွက်ရှိ ရွှေသွယ်ရင်လမ်းနှင့် စိန်ပန်းလမ်းထောင့်အရောက်တွင်တော့ ခမ်းနားသစ်လွင်သော အဆောက်အအုံကြီးတစ်ခုကို တွေ့လိုက်ရသည်။ ဘိုကလေးမြို့၏ ကျက်သရေဆောင် မြို့တော်ခန်းမကြီးဖြစ်သည်။ တည်ဆောက်ပြီးစီးသည်မှာ ကြာမြင့်သေးဟန်မတူ။ အဆောက်အအုံကား ခေတ်မီသည်။ လှပသေသပ်သည်။ ဗိသုကာလက်ရာမြောက်သည်။ ရှုမငြီးအောင် အယဉ်ဆင့်၍ အသွင်တင့်တယ်သည်။ ခမ်းနားထည်ဝါသည်။ ခန်းမအဆောက်အအုံရှေ့တွင်လည်း ပန်းအလှပင်များ၊ စိမ်းလန်းစိုပြည်နေသော မြက်ခင်းအလှနှင့် အတူ အင်ကြင်းကျောက်ဥယျာဉ်ကိုလည်း လှပစွာတန်ဆာဆင်ထားသည်။

ခန်းမအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် မြို့မိမြို့ဖများကိုတွေ့ရ၍ ပဋိသန္ဓာရစကားဆိုရင်း ခန်းမကြီးအကြောင်းကို မေးမြန်းစူးစမ်းမိသည်။

ဥက္ကဋ္ဌ ဦးစိုးသိန်းက "ပြောရရင်တော့ မုန်တိုင်းတိုက်ခဲ့တာက စပြောရမှာပေ့ါ။ မုန်တိုင်းတိုက်ပြီးနောက် ချက်ချင်းဆိုသလိုပဲ ကျွန်တော်တို့မြို့ကို သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ရောက်လာတယ်။ ဝန်ကြီး ဦးဆောင်ပြီး တစ်မြို့နယ်

ဘိုကလေးမြို့ မြို့တော်ခန်းမ ဖွင့်ပွဲကျင်းပခဲ့စဉ်က မြင်ကွင်း။

ဆောင်ရွက်ခဲ့ရာမှာ ဘယ်လောက်ထိတိုးတက်လာသလဲဆိုရင် အခုမြင်ရတဲ့ မြို့တော်ခန်းမကြီးကို မြင်ရုံနဲ့သိသာနိုင်ပါတယ်" ဟု ပြောကြားသည်။ မုန်တိုင်း တိုက်ခတ်ပြီးသည်နှင့် နိုင်ငံတော်က မုန်တိုင်းဒဏ်ခံရသည့် မြို့နယ်များတွင် ကယ်ဆယ်ရေး၊

စေလွှတ်ခဲ့ရာ ဝန်ကြီး ဦးသိန်းအောင်သည် ဘိုကလေးမြို့နယ် တာဝန်ခံအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

"ဝန်ကြီးနဲ့အတူ ကျွန်တော်တို့ ဘိုကလေးမြို့ဇာတိ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်လည်း ပါဝင်ဆောင်ရွက်

ဘိုကလေးမြို့၏ မြို့တွင်းလမ်းများ အဆင့်မြှင့်တင် ပြုပြင်ထားသည်ကို တွေ့ရစဉ်။

လုံးမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ မနေမနား လုပ်လာလိုက်တာ တစ်နှစ်ကျော်ကာလအတွင်းမှာပဲ မူလအခြေအနေအတိုင်း ပြန်ဖြစ်လာတယ်။ အဲဒီနောက် ဒီထက် ပိုမိုမြင့်မားတိုးတက်လာအောင် ဆက်လက်

ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးများအား နယ်မြေတာဝန်ခံများအဖြစ် ချက်ချင်း

ခဲ့တာမို့ မြို့ထူထောင်ရေးလုပ်ငန်းတွေ ပိုမိုအဆင်ပြေချောမွေ့စေခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးမြသိန်းကလည်း "ဒီခန်းမကြီးကို MRT ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းခဲ့တာဗျ။ အလှူရှင်ရဲ့ မြို့အပေါ်ထားတဲ့ စေတနာကိုလည်း ကျွန်တော်တို့ မြို့သူ၊ မြို့သားတွေက အသိအမှတ်ပြုကျေးဇူး

တင်လို့မဆုံးတော့ပါဘူး"ဟု ပြောပြသည်။

မြို့တော်ခန်းမကြီးကား အလျား ၁၃၇ ပေ၊ အနံ ၈၂ ပေ၊ အမြင့်ပေ ၂၀ ရှိ အာရ်စီကွန်ကရစ်အဆောက်အအုံကြီးဖြစ်သည်။ ခန်းမအကျယ်အဝန်းမှာ အလျား ၉၈ ပေ၊ အနံ ၆၆ ပေရှိပြီး ပရိသတ် ၇၀၀ ဝင်ဆံ့သည်။ အဆောက်အအုံကို ၂၀၀၉ ခုနှစ် ဇူလိုင် ၂ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ခန်းမကြီးကို Myanmar Rice Trading(MRT) ကုမ္ပဏီက ငွေကျပ် သိန်းပေါင်း ၃၃၇၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ခမ်းနားထည်ဝါလှသည့် မြို့တော်ခန်းမ အဆောက်အအုံကြီး ငွားငွားစွင့်စွင့်ကြွားကြွားဝင့်ဝင့် ပေါ်ထွန်းလာပုံကား ဤသို့တည်း။

နာဂစ်မုန်တိုင်းမတိုက်မီက ဘိုကလေးမြို့၌ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း မိုးလုံလေလုံခန်းမတစ်ခု ရှိခဲ့သည်။ သို့သော် မြို့အင်္ဂါရပ်နှင့် ညီညွတ်သော ခန်းမတစ်ခုတော့ မဟုတ်ပေ။ မုန်တိုင်းတိုက်ခတ်မှုကြောင့် အဆိုပါ အဆောက်အအုံသည်လည်း ပြိုကျပျက်စီးခဲ့သည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးသည် နိုင်ငံတော်၏ စီမံညွှန်ကြားမှုနှင့်အညီ ဘိုကလေးမြို့ကြီးအား ယခင်ကထက် ပိုမိုဖွံ့ဖြိုးစည်ပင်လာစေရန် နေ့ညမနား ဆောင်ရွက်လျက်ရှိရာ မြို့တော်ခန်းမကိုလည်း ယခင်အဆောက်အအုံထက် သာလွန်သည့် ခေတ်မီမြို့ပြအင်္ဂါရပ်နှင့်လျော်ညီသည့် အဆောက်အအုံတစ်ခုအဖြစ် ပြန်လည်

တည်ဆောက်ရန် ရည်သန်၍ အလှူရှင် MRT ကုမ္ပဏီနှင့် ဆက်သွယ်ကာ လှူဒါန်းဆောက်လုပ်နိုင်ရေး စီမံဆောင်ရွက်ခဲ့သည်။

MRT ကုမ္ပဏီသည် နာဂစ်မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ၂၀၀၈ ခုနှစ် မေ ၂၂ ရက်တွင် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၇၅၄ အိတ်နှင့် မိုးကာလိပ် ၅၄ လိပ်ကို ဘိုကလေးမြို့သို့ လာရောက်လှူဒါန်းခဲ့သည်။ ထို့နောက် ကျွဲနွားများ သေကျေဆုံးရှုံးခဲ့ရသည့် တောင်သူလယ်သမားများ၏ လတ်တလောအခက်အခဲကို ဖြေရှင်းပေးနိုင်ရန်အတွက် ဝန်ကြီး ဦးသိန်းအောင်၏ စီစဉ်ပေးမှုဖြင့် ဘိုကလေးမြို့နယ် ဆန်စက်လုပ်ငန်းရှင်အသင်းနှင့် ညှိနှိုင်းကာ ငွေကျပ် ၁၅ သိန်းတန် လက်တွန်းထွန်စက် အစီး

၃၀၀ နှင့် ငွေကျပ် ၁၂၅၀၀၀၀ တန် ထွန်စက်အစီး ၂၀၀ တို့ကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၅ အုပ်စုမှ တောင်သူလယ်သမား ၅၀၀ တို့အား

သုံးနှစ်အတွင်း ငွေအကြေပေးချေရမည့် အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခဲ့သည်။ ထိုသို့ ထွန်စက်များ ဖြန့်ဝေပေးပြီးနောက် အရစ်ကျ ပြန်လည်ပေးဆပ်လာသည့်ငွေများကို စုစည်း၍ မြို့တော်ခန်းမကြီး ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ MRT ကုမ္ပဏီ၏ စေတနာနှင့် နှစ်ဖက်နှစ်လမ်း အဆင်ပြေစေရန် ဆောင်ရွက်ပုံနည်းလမ်းသည်လည်း ချီးကျူးဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

ထိုသို့ အလှူရှင် ပေါ်ပေါက်လာပြီးနောက် မြို့တော်ခန်းမ ဆောက်လုပ်မည့်နေရာကိုလည်း ရွေးချယ်သတ်မှတ်ခဲ့ရသည်။ ပြိုကျပျက်စီးခဲ့သည့် မြို့နယ်ခန်းမနေရာတွင် နိုင်ငံတော်က မိုးလုံလေလုံအားကစားခန်းမတစ်ခု ပြန်လည်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြို့မ(၄)ရပ်ကွက်၊ ရွှေသွယ်ရင်လမ်းနှင့် စိန်ပန်းလမ်း

ထောင့်ရှိ အလျား ၃၆၅ ပေ၊ အနံ ၁၀၈ ပေရှိသော မြေကွက်လပ်ကို ရွေးချယ်ခဲ့သည်။

မြို့တော်ခန်းမ အဆောက်အအုံကြီး တည်ဆောက်ရုံသာမက ခန်းမရှေ့တွင်လည်း သာယာလှပ မျက်စိပသာဒဖြစ်စေရေးအတွက် Land Scaping အလှဆင်ခြင်း၊ ပန်းအလှစိုက်ပျိုးခြင်း၊ အင်ကြင်းကျောက်ဥယျာဉ်ပြုလုပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ခန်းမဝန်းကျင်လမ်းများဖြစ်သည့် ရွှေသွယ်ရင်လမ်း၊ စိန်ပန်းလမ်းနှင့် မနော်ဟရီလမ်းတို့ကိုလည်း ၁၈ ပေ အကျယ်ချဲ့၍ ကတ္တရာလမ်းခင်းခြင်း၊ လမ်းဘေးရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊ ခန်းမရှေ့ရှိ စိန်ပန်းလမ်းကို လမ်းဘေး ဝဲ၊ယာ ဘလောက်တုံးခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်

ခဲ့သည်။ သစ်တောရေးရာဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ မြို့နယ်သစ်တော

ဦးစီးဌာနက စိန်ပန်းလမ်းနှင့် ရွှေသွယ်ရင်လမ်း လမ်းဘေးဝဲ၊ ယာတို့၌ စိမ်းစိုသာယာလှပစေရန် မြက်ခင်းအလှများ စိုက်ပျိုးပေးခဲ့သည်။ မြို့တော်ခန်းမအနီးဝန်းကျင်တွင် စိန်ပန်း၊ ခရေ၊ မဟော်ဂနီ၊ ပုန်းညက်၊ ပိတောက်၊ ကံ့ကော်၊ ပျဉ်းမ စသည့် အရိပ်ရလေကာပင် ၃၃၁၇ ပင် စိုက်ပျိုးပေးကာ Tree Guard များ တပ်ဆင်ပေးခဲ့သည်။ မြို့တော်ခန်းမရှေ့ Land Scaping မြက်ခင်းအစပ်များတွင်လည်း ပုဏ္ဏရိက် ၂၆၂ ပင်နှင့် စိန်ပန်းလမ်းထောင့် ဘလောက်တုံးစပ်တွင် ပန်းအလှပင် ၇၄၀၀ တို့ကို စိုက်ပျိုးပေးခဲ့သည်။

ဤသို့ဖြင့် အလှူရှင် MRT ကုမ္ပဏီ၏ ဆောက်လုပ်လှူဒါန်းမှု၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် မြို့နယ်အဆင့်

ဌာနဆိုင်ရာများ၏ ပံ့ပိုးကူညီမှုများကြောင့် မြို့တော်ခန်းမကြီးသည်ကား ခံ့ညားတင့်တယ်စွာ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

ထို့အပြင် သစ်လွင်ခံ့ညားသည့် မြို့တော်ခန်းမကြီးတွင် အဆင့်မြင့်မြင့် အသုံးပြုသွားနိုင်ရန်အတွက် ဆက်တီ ၂၆ လုံး၊ ခုတင် ခြောက်လုံး၊ ဗီရိုတစ်လုံး၊ ဗြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် အပါအဝင် LCD ရုပ်မြင်သံကြား နှစ်စုံ၊ ဆောင်းဘောက် ခြောက်လုံးပါ အသံချဲ့စက်တစ်စုံ၊ ဆိုလာမီးတိုင်တစ်တိုင်နှင့် လေအေးပေးစက်ခြောက်လုံးတို့ကိုလည်း သစ်တောရေးရာဝန်ကြီးဌာနက ပံ့ပိုးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြို့တော်ခန်းမ ဖွင့်ပွဲအခမ်းအနားကြီးကိုကား ၂၀၁၀ ခုနှစ် မတ် ၂၁ ရက် အေးချမ်းသာယာသည့် နံနက်ခင်းတွင်

ဘိုကလေးမြို့၏ မြို့တော်ခန်းမအဆောက်အအုံကြီးက ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့်။

အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ မြို့တော်ခန်းမ ဖွင့်ပွဲအခမ်းအနားနှင့် ပတ်သက်၍ မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးလှသန်းဦးက "မြို့တော်ခန်းမ ဖွင့်ပွဲအခမ်းအနားကြီးကို အစီအစဉ်တကျ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ မြို့ရဲ့ဂုဏ်ဆောင် ဝန်ကြီး ဦးသိန်းအောင်၊ ဒီမြို့ဇာတိဖြစ်ပြီး မြို့ပြန်လည်ထူထောင်ရေးမှာ မနားမနေ ပါဝင်ဆောင်ရွက်ခဲ့တဲ့ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်၊ ဘိုကလေးမြို့သားစာပေ၊ ရုပ်ရှင်၊ သဘင်နဲ့ ဂီတပညာရှင်ကြီး ဘဘ ဘိုကလေးတင့်အောင်နဲ့ အနုပညာရှင်တွေ၊ အလှူရှင် MRT ကုမ္ပဏီလီမိတက် ဦးနေအောင်မိသားစု၊ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ မြို့မိမြို့ဖတွေ၊ တစ်မြို့နယ်လုံးက ပြည်သူတွေ စုံစုံညီညီတက်ရောက်ခဲ့ကြပြီး အားလုံးအပြုံးပန်းတွေ ကိုယ်စီဝေတဲ့နေ့ပေ့ါဗျာ" ဟု အားတက်သရော ပြောကြားသည်။

"ကျွန်တော်တို့ မြို့သူမြို့သားတွေအနေနဲ့ မြို့ကျက်သရေဆောင် မြို့တော်ခန်းမကြီးတစ်ခု တည်ဆောက်

ဘိုကလေးမြို့တွင် တည်ဆောက်လျက်ရှိသော မြို့နယ် မိုးလုံလေလုံ အားကစားခန်းမသစ်ကြီးကို တွေ့ရစဉ်။

ဖွံ့ဖြိုး စည်ပင်လျက်ရှိသော ဘိုကလေးမြို့၏ မြင်ကွင်းကို ဝေဟင်မှ တွေ့ရစဉ်။

ဌာနဆိုင်ရာများ၏ ပံ့ပိုးကူညီမှုများကြောင့် မြို့တော်ခန်းမကြီးသည်ကား ခံ့ညားတင့်တယ်စွာ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

ထို့အပြင် သစ်လွင်ခံ့ညားသည့် မြို့တော်ခန်းမကြီးတွင် အဆင့်မြင့်မြင့် အသုံးပြုသွားနိုင်ရန်အတွက် ဆက်တီ ၂၆ လုံး၊ ခုတင် ခြောက်လုံး၊ ဗီရိုတစ်လုံး၊ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် အပါအဝင် LCD ရုပ်မြင်သံကြား နှစ်စုံ၊ ဆောင်းဘောက် ခြောက်လုံးပါ အသံချဲ့စက်တစ်စုံ၊ ဆိုလာမီးတိုင်တစ်တိုင်နှင့် လေအေးပေးစက်ခြောက်လုံးတို့ကိုလည်း သစ်တောရေးရာဝန်ကြီးဌာနက ပံ့ပိုးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြို့တော်ခန်းမ ဖွင့်ပွဲအခမ်းအနားကြီးကိုကား ၂၀၁၀ ခုနှစ် မတ် ၂၁ ရက် အေးချမ်းသာယာသည့် နံနက်ခင်းတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ မြို့တော်ခန်းမ ဖွင့်ပွဲအခမ်းအနားနှင့် ပတ်သက်၍ မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးလှသန်းဦးက "မြို့တော်ခန်းမ ဖွင့်ပွဲအခမ်းအနားကြီးကို အစီအစဉ်တကျ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ မြို့ရဲ့ဂုဏ်ဆောင် ဝန်ကြီးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝင့်ကြွားနိုင်မှာဖြစ်သလို ဒီခန်းမကြီး အစဉ်တည်တံ့နေအောင်လည်း အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြမှာပါ" ဟုလည်း အမှတ်(၄) ရပ်ကွက်မှ ဦးအေးသန်းက ပြောပြသည်။

ခန်းမသစ်ကြီး ဖြစ်တည်လာမှုနှင့်အတူ မြို့နယ်၏ မင်္ဂလာပွဲလမ်းများ၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးဆိုင်ရာ အခမ်းအနားများကိုလည်း အဆင့်အတန်းရှိရှိ ခမ်းနားစည်ပင်စွာ ကျင်းပနိုင်တော့မည်ဖြစ်သည်။ အဆိုပါ အခမ်းအနားများ ကျင်းပနိုင်ရုံမျှမက မြို့နယ်သို့လာရောက်သည့် အရေးကြီး ပုဂ္ဂိုလ်များ တည်းခိုနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

ယင်းကဲ့သို့ လှပခံ့ညားသည့် မြို့တော်ခန်းမကြီး ပေါ်ပေါက်လာသည့်နည်းတူ မကြာမီကာလတွင်လည်း သစ်လွင်တောက်ပသည့် မိုးလုံလေလုံအားကစားရုံသစ်ကြီးနှင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကြီးတို့သည်လည်း ပေါ်ထွန်းလာတော့မည်ဖြစ်ရာ အချိုပေါ် သကာလောင်းသကဲ့သို့ မြို့ဖွံ့ဖြိုးမှုကို တိုး၍တိုး၍ ကျက်သရေဖြာဝေစေတော့မည်ဖြစ်ပေသည်။

ဘိုကလေးမြို့ရှိ အမှတ်(၁) ရပ်ကွက်ကို စစ်ကုန်းဟု ယနေ့တိုင် ခေါ်ဝေါ်လျက်ရှိသည်။ မွန်တပ်မျှူးဗိုလ်ကလေး တပ်စွဲနေထိုင်ခဲ့ရာဒေသဖြစ်၍ စစ်ကုန်းဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကျုံတုံးမြို့ပျက်ကြီးမှ မွန်၊ မြန်မာတိုင်းရင်းသားများ လာရောက်ပြောင်းရွှေ့ နေထိုင်လာကြသဖြင့် ရွာတန်းရှည်ကြီးဖြစ်လာခဲ့သည်။ ၁၇၅၇ ခုနှစ်မှစ၍ မွန်တပ်မှူး ဗိုလ်ကလေး တည်ထောင်ခဲ့သော ဗိုလ်ကလေးရွာတန်းရှည်သည် ၁၉၇၂ ခုနှစ်တွင် အိမ်ကြီးရခိုင်များ၊ လမ်းကြီးလမ်းငယ်များစွာတို့ဖြင့် မြို့ပြအဆင့်သို့ တိုးမြင့်ရောက်ရှိလာခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်ပိုင်းကာလများတွင်မူကား မြို့နေပြည်သူများ၏ လူမှုစီးပွားဘဝအခြေအနေသည် မြင့်မားသည်ထက်မြင့်မား၊ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာခဲ့သည်။

...ည်ဆောက်လျက်ရှိသော မြို့နယ် မိုးလုံလေလုံ ...တွေ့ရစဉ်။

ဦးသိန်းအောင်၊ ဒီမြို့ဇာတိဖြစ်ပြီး မြို့ပြန်လည်ထူထောင်ရေးမှာ မနားမနေ ပါဝင်ဆောင်ရွက်ခဲ့တဲ့ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်၊ ဘိုကလေးမြို့သားစာပေ၊ ရုပ်ရှင်၊ သဘင်နဲ့ ဂီတပညာရှင်ကြီး ဘဘ ဘိုကလေးတင့်အောင်နဲ့ အနုပညာရှင်တွေ၊ အလှူရှင် MRT ကုမ္ပဏီလီမိတက် ဦးနေအောင်မိသားစု၊ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ မြို့မိမြို့ဖတွေ၊ တစ်မြို့နယ်လုံးက ပြည်သူတွေ စုံစုံညီညီတက်ရောက်ခဲ့ကြပြီး အားလုံးအပြုံးပန်းတွေ ကိုယ်စီဝေတဲ့နေ့ပေါ့ဗျာ" ဟု အားတက်သရော ပြောကြားသည်။

"ကျွန်တော်တို့ မြို့သူမြို့သားတွေအနေနဲ့ မြို့ကျက်သရေဆောင် မြို့တော်ခန်းမကြီးတစ်ခု တည်ဆောက်

သို့သော် ယင်းဖွံ့ဖြိုးတိုးတက်မှုများမှာ နာဂစ်မုန်တိုင်းဒဏ်ကြောင့် လုံးဝနီးပါး ဆိတ်သုဉ်းကွယ်ပျောက်ခဲ့ရသည်။ သုညဒီဂရီအောက်သို့ ကျရောက်ခဲ့ရသည်။ အစစအရာရာ တစ်မှ ပြန်လည်စတင်ရသည့် ကာလဆိုးတွင် နိုင်ငံတော်၏ လိုအပ်သမျှ ပံ့ပိုးစီမံဆောင်ရွက်ပေးမှု၊ အလှူရှင်အဖွဲ့အစည်းများနှင့် မြို့သူမြို့သားများ၏ ပူးပေါင်းပါဝင်ကူညီမှုတို့ကြောင့် ကာလတိုအတွင်းမှာပင် ပြန်လည်နာလန်ထူနိုင်ရုံမျှမက ပို၍ပင် ဖွံ့ဖြိုးလာခဲ့ပေသည်။ ဘိုကလေးမြို့သည်ကား ပြာပုံထဲမှ ရုတ်ခြည်းနိုးထ ပျံသန်းနိုင်ခဲ့သော ဖီးနစ်ငှက်ပမာပင် ဖြစ်ပေတော့သည်။ ။

ပဲခူးမြို့၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော် မှုခင်းဌာနဌာနမှူး ရဲမှူးကြီးစစ်အေးက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် စပ်လျဉ်းသည်များ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီး ညွှန့်လှိုင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ၊ ထူးခြားမှုခင်းများနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း၏ ၂၀၁၀ ခုနှစ် လုပ်ငန်းစီမံချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ UNIAP မှ စီမံချက်အရာရှိ ဒေါ်နှင်းနှင်း၊ ARTIP စီမံချက် ညှိနှိုင်းရေးမှူး ဦးခင်မောင်ဝင်း၊ ဝေါ်လ်ဗွီးရှင်း(မြန်မာ)မှ စီမံချက်ညှိနှိုင်းရေးမှူး ဦးဝင်းထူးနိုင်နှင့် IOM မှ အစီအစဉ် ဆက်ဆံရေးအရာရှိ ဦးအောင်ကျော်သန်းတို့က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်း၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့ဝင်များက အုပ်စုဖွဲ့၍ သက်ဆိုင်ရာ ဒေသရှိ လူကုန်ကူးမှုအခြေအနေ၊ သက်ဆိုင်ရာဒေသတွင်း လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးနှင့် အရေးယူရေး၊ လူကုန်ကူးခံရသူများအား စောင့်ရှောက်ပေးမှု၊ အောင်မြင်မှုများနှင့် အခက်အခဲများ၊ ရှေ့လုပ်ငန်းအတွက် အကြံပြုချက်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗန်းမော်စည်ပင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

ဗန်းမော် ဩဂုတ် ၁၅

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးတွင်းကာလ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် ဇွန် ၂၅ ရက်က အမက(၃)နှင့် အမက(၄)ကျောင်းများတွင် အဖွဲ့ဝန်ထမ်းများဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းလတ်မောင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၅

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၁)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "ထိုင်းစားသောက်ကုန် အဝင်နည်းတော့ ပြည်တွင်းစားသောက်ကုန် ပိုပြီးအရောင်းသွက်"၊ အိမ်ရာမြေစျေးကွက် လှုပ်လှုပ်ရှားရှား အရောင်းအဝယ် ပြန်သွက်"၊ "ထုတ်လုပ်သူ၊ ဖြန့်ချိသူနှင့် ဝယ်ယူသူသုံးပွင့်ဆိုင် ပေါင်းကူးတံတား ရန်ကုန်ကုန်စည်ပြပွဲ" မျက်နှာဖုံး သတင်းဆောင်းပါးများနှင့် "တရုတ်နိုင်ငံလုပ် လေယာဉ်သုံးစင်း မြန်မာ့လေကြောင်းက ဝယ်ယူမည်"၊ "သစ်လုံးတင်ယာဉ် အရေအတွက် များပြားလာသဖြင့် ဆိပ်ကမ်းပတ်လမ်း တိုးချဲ့လျက်ရှိ၊ စည်းကမ်းမဲ့ယာဉ်များကို ထိထိရောက်ရောက် အရေးယူတော့မည်"၊ "လမ်းဘေးဈေးသည် စနစ်တကျရှိရေး ၅၀၀၀ ကျော်အား ခေါ်ယူစစ်ဆေး၊ ၆၀၅ ဦးကို ပညာပေးပြီး ၂၀၀ ကျော်ကို အရေးယူ" စသည့် မျက်နှာဖုံးသတင်းများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ကိုကိုလှိုင်တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုဝင်ဘာ ၇ ရက်နေ့တွင် ကျင်းပမည်"၊ "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်များ သတ်မှတ်သည့် ကြေညာချက်များ ထုတ်ပြန်"၊ ' 'စည်းရုံးလှုပ်ရှားနိုင်ငံရေးပါတီများ (ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်)"၊ "ပြည်ထောင်စု ဒီမိုကရေစီပါတီမှ ဥက္ကဋ္ဌ ဦးသိန်းငွေ၊ အထွေထွေအတွင်းရေးမှူး ဦးသိန်းတင်အောင်တို့နှင့် တွေ့ဆုံခြင်း" တို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာ အားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်ရပ်များ စသည့် ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် "အက်ဖ်အမ်လိုင်းတွေ အပြိုင်အဆိုင်ဖြစ်လာတော့ ပိုပြီးကြိုးစားရမည်၊ နောင်တွင် နိုင်ငံတကာမြို့ကြီးများလို အက်ဖ်အမ်လိုင်းတွေ အများကြီးတိုးလာနိုင်၊ ဖျော်ဖြေရေးထက် သတင်းဦးစားပေးထုတ်လွှင့်မှု လုပ်နိုင်သည့်လိုင်းတွေ အောင်မြင်မည်"၊ "မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်ဒေသ၌ စျေးသစ်ကြီး ဆောက်လုပ်တော့မည်"၊ "ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရှစ်မြို့နယ် ပြန်လည်ထူထောင်ရန် ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၈ သန်း ကူညီမည်"၊ "ယာဉ်တိုက်၍ ပျက်စီးသည့် လျှပ်စစ်ဓာတ်တိုင် ၅၆ တိုင်ရှိ၊ လက်ရှိဒဏ်ကြေးထက် သုံးဆဒဏ်ရိုက်သွားတော့မည်"၊ "ရှေးနှစ်ပေါင်း ၁၀၀ ကျော်ခန့်က ကျောက်စေတီ ကျောက်ဆစ်ကျောက်တုံးများ တူးဖော်တွေ့ရှိ"၊ "ကွင်းဘေးနားက စောင့်နေမယ် (Waka Waka) သီချင်းနှင့် စီးရီးမူပိုင်ခွင့် ဂီတအစည်းအရုံးတွင် ဒုတိယအကြိမ် ညှိနှိုင်းကြမည်" စသည့် စိတ်ဝင်စားဖွယ် သတင်းများပါရှိသည်။ (သတင်းစဉ်)

တမူးခရိုင် ခမ်းပတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အမှတ်(၂)နှင့် အမှတ်(၃)ရပ်ကွက်ရှိ ရေမြောင်းများ ဆယ်ယူခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဇူလိုင် ၃၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းအောင်နှင့် မြို့နယ်တာဝန်ခံ ဦးအေးမင်းထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

ကျွန်းစု ဩဂုတ် ၁၅

ကျွန်းစုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်သစ်တောဦးစီးဌာနတို့မှ ဦးဆောင်၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို မြကျွန်းသာဂေါက်ကလပ်ဝင်းအတွင်း၌ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။

(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)

★ **ကျောဖုံးမှ**

မဟုတ်ကြောင်း ရေခဲမြစ်ပညာရှင် ဂျွန်အိုဗီးဟာဂျင်က ပြောကြားသည်။ မျောပါနေသော ရေခဲကျွန်းကြီးသည် ရာစုနှစ်ထက်ဝက်ကာလအတွင်း အာတိတ်ဒေသ၌ ဖြစ်ပေါ်သော အကြီးဆုံးရေခဲကျွန်းဖြစ်သည်။

ဂရင်းလန်ကျွန်း၏ ဧရာမရေခဲချပ်ပြင်ကြီးမှ ကျိုးပဲ့ထွက်သွားခဲ့သော ရေခဲကျွန်းမှာ စတုရန်းမိုင် ၁၀၀ (စတုရန်းကီလိုမီတာ ၂၆၀) ရှိသည်ဆို၏။

အကယ်၍ ယင်းရေခဲကျွန်းကြီး ပြိုကွဲသွားပါက ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ပေ ၂၀ (ခြောက်မီတာ)အထိ မြင့်တက်သွားဖွယ်ရှိကြောင်း အာဂျင်က ပြောကြားသည်။

သက်သေတည်

ကမ္ဘာပေါ်တွင် နောက်ဆုံးပေါ်ထွန်းလာသော ရေခဲကျွန်းကြီးသည် ကမ္ဘာကြီးပူနွေးလာမှုပြဿနာကို ထင်ဟပ်လျက်ရှိသည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကို ရေခဲကျွန်းကြီးက သက်သေတည်ကြောင်း သုတေသီများက ပြောကြားကြသည်။

အဆိုပါ ရေခဲကျွန်းကြီးသည် နောင်တစ်ချိန်ချိန်တွင် ရေကြောင်းသွားလာရေးနှင့် ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းတို့ကို အကြီးအကျယ် ဒုက္ခပေးလာနိုင်ခြင်း ရှိ၊ မရှိ သုတေသီများ လေ့လာသွားကြမည် ဖြစ်သည်။

ရွေ့လျားနေ

ရေခဲကျွန်းကြီးသည် နာရက်စ်ရေလက်ကြား တည်ရှိရာဘက်သို့ ရွေ့လျားနေသည်။ ဂရင်းလန်ကျွန်း၏ အနောက်မြောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသနှင့် ကနေဒါနိုင်ငံ အယ်လ်ဆီမယ်ကျွန်းတို့ကို နာရက်စ်ရေလက်ကြားက ပိုင်းခြားထားသည်။

လာမည့်လတွင် စတင်မည့် ဆောင်းဥတု ရေခဲသောရာသီမတိုင်မီ နာရက်စ်ရေလက်ကြားသို့ ရေခဲကျွန်းကြီးရောက်ရှိသွားပါက ပင်လယ်သမုဒ္ဒရာ ရေစီးကြောင်းများကြောင့် တောင်ဘက်သို့ ဆက်လက်မျောပါနိုင်ကြောင်း၊ နောင်တစ်ချိန်တွင် ကနေဒါနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဘက်သို့ မျောပါလျှင် နယူးဖောင်လန်ကျွန်း ကမ်းလွန်ရှိ ရေကြောင်းလမ်းနှင့် ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းများ ထိခိုက်နိုင်ကြောင်း သုတေသီများက ပြောကြားကြသည်။

အင်တာနက်။

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန်ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျိုင်းတုံ-မိုင်းခတ်ကားလမ်း တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ- မိုင်းခတ် ကားလမ်းတစ်လျှောက် မိုးစပါး စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျောက်တောင်လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝမ်တာပုံတံတားသို့ ရောက်ရှိရာ တံတားကြံ့ခိုင်မှုနှင့် တံတားကြမ်းခင်း ပြုပြင်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ကျိုင်းတုံမြို့နယ် နောင်ကန် စံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ (အောက်မြန်မာပြည်)သို့ ပြေးခုန်ပစ်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များသို့ ပြေးခုန်ပစ်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၉ရက် နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အမှာစကားပြောကြားပြီး ငွေကျပ် ၃၆ သိန်း တန်ဖိုးရှိ ပြေးခုန်ပစ်အားကစားပစ္စည်း ရှစ်မျိုးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ ပတ္တမြားခန်းမ၌ ကျင်းပသည့် စင်ကာပူသမ္မတနိုင်ငံတွင် ဩဂုတ် ၁၄ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် ပထမအကြိမ် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမြားပစ်၊ တိုက်ကွမ်ဒို၊ ပြေးခုန်ပစ်နှင့် အလေးမအားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ရှေးဦးစွာ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦး၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ နည်းပြဦးဘသောင်းချေ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်ဆွေတို့က ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အမှာစကားပြောကြားရာတွင် ယင်းပြိုင်ပွဲသည် ပထမဆုံးအကြိမ် ကျင်းပသော ကမ္ဘာ့အဆင့် လူငယ်အားကစား ပြိုင်ပွဲတစ်ခုဖြစ်ကြောင်း၊ နိုင်ငံ့ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရခြင်းဖြစ်၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်အောင် မလျှော့သော ဇွဲ၊ လုံ့လဖြင့် အနိုင်ရရှိရေး အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ခဲ့ကြရန်၊ အုပ်ချုပ်သူ၊ နည်းပြများအနေဖြင့်လည်း ကမ္ဘာ့အဆင့်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အားကစားအချက်အလက်များ၊ အတွေ့အကြုံများရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရန်၊ ကျန်းမာကြံ့ခိုင်မှုသာ အင်အားပြည့် ယှဉ်ပြိုင်နိုင်မည်ဖြစ်၍ တစ်ကိုယ်ရည်ကျန်းမာရေးကို ဂရုစိုက်ကြရန် မှာကြားပြီး သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစား အဖွဲ့ဝင်များအား အားပေး ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ ပထမခြောက်လပတ် ဗဟိုကော်မတီအစည်းအဝေးကို ဩဂုတ် ၁၃ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အဆိုပါရုံးချုပ်သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ သံအမတ်ကြီး (ငြိမ်း) ဦးစံသိန်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးစောငွေက ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ၂၀၁၀ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းအစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးဘိုကြီးက ဘဏ္ဍာရေးရှင်းတမ်းကို လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများမှ စီမံချက်မန်နေဂျာနှင့် စီမံချက်အရာရှိများက ၂၀၁၀ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ဆောင်ရွက်ခဲ့သော MANA-UNOPS (3D Fund Project)၊ MANA - UNFPA Project နှင့် MANA - UNICEF Project တို့၏ လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်း အသင်းဥက္ကဋ္ဌများက ပြည်နယ်၊ တိုင်း အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လုပ်ငန်းဆန်းစစ်မှုနှင့် သုံးသပ်အကြံပြုချက်များကို ဗဟိုကော်မတီဝင်များ၊ စီမံကိန်းလုပ်ငန်းလက်တွဲဖော်များ၊ လူငယ့်အားမာန်အဖွဲ့ (YET)၊ မဆသ ငွေကြယ်ပွင့်တို့ လူငယ်ကော်မတီ (MSSY)နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းခွဲများမှ ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်စိန်က ပြန်လည်ရှင်းလင်း ဆွေးနွေးကာ အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Marie Stopes International (Myanmar)မှ လူမှုဝန်ထမ်းဦးစီးဌာနသို့ ပညာရပ်ဆိုင်ရာစာအုပ်များ လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၅

Marie Stopes International (Myanmar)မှ Country Director ဦးစစ်နိုင်နှင့်အဖွဲ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန စာကြည့်တိုက်နှင့် သင်တန်းကျောင်းဌာနများ၌ အသုံးပြုရန် ငွေကျပ်ခုနစ်သိန်းခန့်တန်ဖိုးရှိ လူမှုရေးစိတ်ပညာအပါအဝင် ပညာရပ်ဆိုင်ရာ စာအုပ် ၄၆၀ နှင့် စာအုပ်ဗီရိုတစ်လုံးကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လက်ခံပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တမူး၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

စစ်ကိုင်းတိုင်း တမူးမြို့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို နယ်စပ်ကုန်သွယ်ရေးရုံးရှေ့ မျက်နှာစာမြေကွက်၌ ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကောင်းစံဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး မန်ကျည်းပင်၊ ပျဉ်းကတိုးပင်၊ မျောက်ငိုပင်၊ မဟော်ဂနီပင် စုစုပေါင်းပျိုးပင် ၆၅၀ကို စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ (၄၀၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၈-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ထွက်မြောက်ခြင်း" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၉)**
- ၈း၃၅ Hip Hop Acoustics Live Show (Part -5)
- ၉း၂၀ သာယာဝတီမြို့မှ မြတ်သောအလှူ
- ၉း၃၅ Global Panorama
- ၁၀း၃၅ Activities In The City
  - အဆိုတော်စိုးပိုင်၏ စိတ်နှင့် စိမ်းတယ်လို့မှတ်မှာလား တေးစီးရီးမိတ်ဆက်ပွဲ
  - MAMEE ကံစမ်းမဲဆုချီးမြှင့်ပွဲ
- ၁၁း၁၀ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ. . .
- ၁၁း၂၀ မိခင်နှင့်ကလေးအာဟာရ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်ဇင်)
- ၁၁း၅၅ International Show Biz
- ၁၂း၁၀ Orchard Families (အပိုင်း-၁)
- ၁၂း၃၅ ရန်ကင်းမြို့ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး
- ၁း၀၀ "ထွက်မြောက်ခြင်း" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ The Champion of Dance
- ၃း၁၅ သာယာဝတီမြို့မှ မြတ်သောအလှူ
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၉)**
- ၄း၁၀ ဂီတသံစဉ်အလှဆင်(နီနီဝင်းရွှေ)
- ၄း၃၅ Activities In The City
  - အဆိုတော်စိုးပိုင်၏ စိတ်နှင့် စိမ်းတယ်လို့မှတ်မှာလား တေးစီးရီးမိတ်ဆက်ပွဲ
  - MAMEE ကံစမ်းမဲဆုချီးမြှင့်ပွဲ
- ၅း၁၀ Celebrity Choice (အေသင်ချိုဆွေ)
- ၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ International Show Biz
- ၆း၃၅ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
- ၇း၀၀ အနုပညာမိုးကောင်းကင်
- ၇း၃၀ 2010 Summer Youth Olympics
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ The Champion of Dance
- ၉း၀၅ Celebrity Choice (အေသင်ချိုဆွေ)
- ၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၉)**
- ၁၀း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၂၅ Premier League Highlight
- ၁၀း၅၀ 2010 Summer Youth Olympics
- ၁၁း၁၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (သဘော်အကြွပ်ယိုမုန့်လုပ်နည်း)
- ၁၁း၂၅ တက္ကစီမီတာသင်လိုရာ (ဇေယျ၊ ရိုတ၊ ပန်းအိခိုင်) (ဒါရိုက်တာ-ဇာဏီထက်လင်း)
- ၁၁း၃၅ အတ္တရံမြစ်ကမ်းနံဘေး ကွဲ့ကောစိုက်တဲ့ရွာကလေး
- ၁၁း၄၅ သူ့ဘဝနှင့်သူ၏အနုပညာ [အကပညာရှင်ဦးသန်းအောင် (ပန်တျာမန်း)နှင့်တွေ့ဆုံခြင်း]
- ၁၂း၀၅ ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
- ၁၂း၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Man U - Newcastle	ESPN (Live)
	Man U - Newcastle	MRTV-4 (Live)

မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၅

မသန်စွမ်းသူများနှင့် ဖွဲ့စည်းတည်ထောင်ထားပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်ကို ဆောင်ရွက်ပေးလျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများအတွက် စိတ်ဓာတ်မြှင့်တင်ရေး၊ ကျန်းမာသန်စွမ်းရေးနှင့် ပြည်သူများအတွင်း မသန်စွမ်းမှုဆိုင်ရာ အသိပညာ ကျယ်ပြန့်ရေးတို့အတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) အားကစားအသင်းသည် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၂၂) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်လှူဒါန်း

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) အားကစားအသင်းဝင်များဖြစ်သည့် မြန်မာနိုင်ငံအရပ်ရပ်မှ မသန်စွမ်းသူ ၃၀ တို့သည် ရေကူး၊ ကြက်တောင်၊ တင်းနစ်၊ စစ်တုရင်နှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဩဂုတ် ၁ ရက်မှစတင်၍ ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားကွင်း၊ အမျိုးသားရေကူးကန်နှင့် သက်ဆိုင်ရာ အားကစားကွင်းများ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိရာ ပြိုင်ပွဲဝင်အားကစားသမားများအတွက် အလှူငွေနှင့် သက်ဆိုင်ရာ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းလိုပါက ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးခန်းအမှတ်- ၇၉၇ အခန်း ၁၀၄-ဘီ ပထမထပ် မြန်မာ့အလှတာဝါ(၂) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၁၅၉၃၉၊ ၂၂၉၀၈၇၊ ၂၂၂၉၂၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး မီးဘေးလုံခြုံရေးအတွက် တပ်ဆင်ထားသော မီးသတ်ရေငုတ်အား စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဗိုလ်လုပွဲကျင်းပ

အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်များ(ရန်ကုန်) လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပစဉ်။
(သတင်းစဉ်)

တက္ကသိုလ်များ(ရန်ကုန်) လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်များ (ရန်ကုန်) လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း အင်းလျားကန်၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ရှေးဦးစွာ တက္ကသိုလ်များ လှေလှော်ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကံဇော်က မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ ဒိုင်လူကြီးများ ကိုယ်စား မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် အမှုဆောင် ဦးကျော်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ပညာရေး စီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀ နှင့် မီတာ ၁၀၀၀ လှေလှော်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရအသင်းများအား ဆုများကိုချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက တံခွန်စိုက်ဆုရ ရန်ကုန် စီးပွားရေးတက္ကသိုလ် အသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလားနှင့် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

၂၀၁၀ခုနှစ် အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ဖလားနှင့် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အကောင်းဆုံး လက်သိုင်းအားကစားသမားဆုနှင့် အကောင်းဆုံးဓားသိုင်း အားကစားသမားဆု ရရှိကြသူများအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒုတိယရဲမှူးကြီး မောင်မောင်အေးနှင့် တာဝန်ရှိသူတို့က လည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား တတိယဆုရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအသင်းနှင့် ဒုတိယဆုရ ပြည်ထဲရေး ဝန်ကြီးဌာန (က) အသင်းတို့အား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်ဝင်းက လည်းကောင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ် သန်းဟန်က လက်သိုင်းတံခွန်စိုက်ဆု၊ ဓားသိုင်းတံခွန်စိုက်ဆု၊ စွမ်းရည်ပြ တံခွန်စိုက်ဆုနှင့် စွယ်စုံ တံခွန်စိုက်ဒိုင်းဆုများ ရရှိသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းများကို လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဆုရ ကာကွယ်ရေးဝန်ကြီးဌာန အသင်းအား ဆုဖလားနှင့် ဆုကြေးငွေကျပ် နှစ်သိန်းတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

နိုင်ငံတကာအားကစားသတင်းများ

မာရီယိုဘာလော့တယ်လီ မန်စီးတီးကို တကယ်ရောက်ပြီ

လန်ဒန် ဩဂုတ် ၁၅

စောစောပိုင်းကပင် မန်စီးတီးသို့ရောက်ရန် သတင်းပြေးနေသည့် အင်တာမီလန်တိုက်စစ်မှူး မာရီယိုဘာလော့တယ်လီသည် ပြီးခဲ့သည့်သောကြာနေ့က မန်စီးတီးနှင့်တရားဝင်စာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်သည်။

မန်စီးတီးသည် ဘာလော့တယ်လီအား ပေါင် ၂၄ သန်း ပေးရသည်ဟု အသင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ၎င်းသည် မန်စီးတီးနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ အသက် (၂၀)ရှိ အီတလီနိုင်ငံသား ဘာလော့တယ်လီသည် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်စီနီခေါ်ယူသည့် ငါးဦးမြောက်ကစားသမားလည်းဖြစ်သည်။ မန်စီးတီးနည်းပြ မန်စီနီက ဘာလော့တယ်လီသည် ဥရောပ အကောင်းဆုံး ကစားသမားများထဲတွင် တစ်ဦးအပါအဝင် ဖြစ်ကြောင်း၊ ယင်း၏ ကစားဟန်မှာ အင်္ဂလန်ပရီမီယာလိဂ်ကစားဟန်နှင့် အံဝင်မည်ဖြစ်ကြောင်း၊ ကြံ့ခိုင်မှုရှိသလို တိုးတက်မှုလည်း အများကြီး ရှိလာဦးမည်ဖြစ်ကြောင်း၊ ဘာလော့တယ်လီကို ခေါ်ယူနိုင်ခဲ့လို့ ကျေနပ်ဝမ်းသာမိကြောင်း ပြောကြားခဲ့သည်။ သို့သော် မန်စီးတီးရောက် ကစားသမားသစ်ဘာလော့တယ်လီသည် တိုက်စစ်မှူး များပြားနေသည့် မန်စီးတီးတွင် နေရာရရန် ရုန်းကန်ရဦးမည်ဟု ဝေဖန်မှုများ ရှိနေသည်။ ***အင်တာနက်။***



မန်စီးတီးနှင့် စာချုပ်လက်မှတ်ရေးထိုး ခဲ့ သည့် ဘာ လော့ တယ်လီ။

ဝင်းတင်(ကြေးမုံ)

စတုတ္ထဂိုး

ချယ်လ်ဆီးအတွက် စတုတ္ထဂိုးကို လမ်းပတ်၍ကွဲသို့သွင်းယူခဲ့သည်။

ရာသီအဖွင့်တွင် ချဲယ်လ်ဆီး ဂိုးဒါဇင်ဝက်သွင်း

လန်ဒန် ဩဂုတ် ၁၅

ပရီမီယာလိဂ်ပွဲစဉ်များကို စတင်ကျင်းပနေပြီဖြစ်ရာ ယမန်နေ့ည ပွဲစဉ်(၁) ပွဲစဉ်များထဲမှ တစ်ပွဲဖြစ်သည့် ချယ်လ်ဆီးနှင့် တန်းတက်ဝက်စ်ဘရွှန်းတို့ပွဲစဉ်တွင် ချယ်လ်ဆီးက ဧည့်သည်ဝက်စ်ဘရွှန်းအသင်းကို ဂိုးဒါဇင်ဝက်သွင်း၍ အပြည့်အဝအောင်ပွဲခံသွားသည်။

ယင်းပွဲတွင် ချယ်လ်ဆီးအတွက် ဂိုးများကို ပွဲချိန် ၆ မိနစ်နှင့် မိနစ် ၉၀ တွင် မာလူဒါ၊ ပွဲချိန် ၄၅ မိနစ်၊ ၅၅ မိနစ်နှင့် ၆၈ မိနစ်တို့တွင် တိုက်စစ်မှူးဒရော့ဘာကဟက်ထရစ်ဂိုးနှင့် ပွဲချိန် ၆၃ မိနစ်တွင် လမ်းပတ်က တစ်ဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ရာသီအကြိုကွန်မြူနတီဒိုင်းပွဲတွင် မန်ယူကို ရှုံးခဲ့၍ ယခုပွဲတွင် ဂုဏ်သိက္ခာပြန်ဆယ်ရေးကြိုးစားခဲ့ခြင်းကြောင့် ဝက်စ်ဘရွှန်းအသင်းသည် ချယ်လ်ဆီး၏ ဖိအားကိုတောင့်မခံနိုင်ဘဲ ပွဲဦးထွက်တွင် ဂိုးပြတ်ဖြင့် အရှုံးကြီးရှုံးခဲ့ရခြင်းဖြစ်သည်။ ***အင်တာနက်။***

ဆေးဆိုင်အများအပြားနှင့်သူနာပြုအကူမြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်
အောင်ချမ်းမြေ့
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
အမှတ်(၂၄၉)၊ ပထမထပ်၊ ဘုရားလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၅၀၄၇၅၀၊ ၅၁၆၈၉၆၊ ၅၀၄၀၇၉
(Open 6:00 am to 9:00 pm) ပိတ်ရက်မရှိပါ။
http://www. acmnursing training. com
- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရန် ကူညီမည်။ ပြည်တွင်း၊ပြည်ပ အသုံးပြုနိုင်သော သင်တန်းဆင်း အောင်လက်မှတ် ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ဘော်ဒါဆောင်ရှိပါသည်။ တန်းခွဲသစ်တစ်ခုလျှင်(၂၀)ယောက်သတ်မှတ်သည်။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းနိုင်သည်။
"အောင်"ပြီး "ချမ်းမြေ့"မှုတွေရရှိရန် "အောင်ချမ်းမြေ့" ကိုလာခဲ့ပါ။
♦ တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်) ♦
အပတ်စဉ်(၁၃၀၉) ၂၃-၈-၂၀၁၀ စမည်။ (စနေနှင့်တနင်္ဂနွေ နားရက်)
အပတ်စဉ်(၁၃၁၀) ၂၅-၈-၂၀၁၀ စမည်။ (တနင်္လာနှင့်အင်္ဂါ နားရက်)
အပတ်စဉ်(၁၃၁၁) ၂၇-၈-၂၀၁၀ စမည်။ (ဗုဒ္ဓဟူးနှင့်ကြာသပတေး နားရက်)
♦ နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်) ♦
အပတ်စဉ်(၁၃၁၂) ၂၄-၈-၂၀၁၀ စမည်။ (အင်္ဂါနှင့်ဗုဒ္ဓဟူး သင်)
အပတ်စဉ်(၁၃၁၃) ၂၆-၈-၂၀၁၀ စမည်။ (ကြာသပတေးနှင့်သောကြာသင်)
အပတ်စဉ်(၁၃၁၄) ၂၈-၈-၂၀၁၀ စမည်။ (စနေနှင့်တနင်္ဂနွေ သင်)
အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် အချိန်ဇယား
(နှစ်သက်သည့် အချိန်သာသင်ရန်)
နံနက်ပိုင်း (I) 6:30 am to 8:30 am
နံနက်ပိုင်း (II) 9:30 am to 11:30 am
မွန်းလွဲပိုင်း (III) 1:30 pm to 3:30 pm
ညနေပိုင်း (IV) 4:30 pm to 6:30 pm
ညနေပိုင်း (V) 5:30 pm to 7:30 pm
♦ နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်း ♦
♦ သုံးလအထူးသင်တန်းများ (တစ်ပတ်ခြောက်ရက်သင်) ♦
အပတ်စဉ်(၁၃၁၅) ၂၃-၈-၂၀၁၀ စမည်။ (တနင်္ဂနွေတစ်ရက်နား)
အပတ်စဉ်(၁၃၁၆) ၂၅-၈-၂၀၁၀ စမည်။ (အင်္ဂါတစ်ရက်နား)
အပတ်စဉ်(၁၃၁၇) ၂၇-၈-၂၀၁၀ စမည်။ (ကြာသပတေး တစ်ရက်နား)
9:30 am to 3:30 pm
မှတ်ချက်။ ။ အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မှ သင်တန်းခွဲမရှိပါ။

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** အမ်းမြို့တွင် ၄ ဒသမ ၀၅ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ မြစ်ကြီးနားမြို့တွင် ၃ ဒသမ၂၇ လက်မ၊ မချမ်းဘောမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ကျိုက်က္ခမီမြို့နှင့် မြောင်းမြမြို့တို့တွင် ၂ ဒသမ ၈၃ လက်မစီ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ပူတာအိုမြို့တွင် ၂ဒသမ ၄၄ လက်မနှင့် ကျောက်ပန်းတောင်းမြို့တွင် ၁ ဒသမ ၅၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

ဩဂုတ် ၁၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပရီမီယာလိဂ် ပွဲစဉ်(၁)ရလဒ်

လီဗာပူး ၁ - ၁ အာဆင်နယ်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



ဂရင်းလန်ကျွန်းမြောက်ပိုင်းရှိ ပီတာမန်း ရေခဲမြစ်မှ ပဲ့ထွက်ကာ ဧရာမ ရေခဲကျွန်းကြီး ဖြစ်ပေါ်နေပုံကို ဖော်ပြသည့် သရုပ်ဖော်ပုံ။ *(ဓာတ်ပုံ-အင်တာနက်)*

တရွေ့ရွေ့မျောပါနေသော ရေခဲကျွန်းကြီး သင်္ဘောများနှင့် ရေနံတူးစင်များကို ခြိမ်းခြောက်လာနိုင်

အော်စလို ဩဂုတ် ၁၅

ဂရင်းလန်ကျွန်း မြောက်ပိုင်းရှိ ပီတာမန်းရေခဲမြစ် (Petermann Glacier) မှ ပဲ့ထွက်သွားခဲ့သော ဧရာမ ရေခဲကျွန်းကြီးသည် ကမ်းလွန်ရေနံတူးစင်များ တည်ရှိရာနှင့် သင်္ဘောများခုတ်မောင်းသွားလာရာ လမ်းကြောင်းများဘက်သို့ တရွေ့ရွေ့ဦးတည်ရွေ့လျားမည်ဟု ယူဆရကြောင်း၊ အနာဂတ်ကာလတွင် ယင်းရေခဲကျွန်းကြီးကြောင့် ဘေးဥပဒ်များဖြစ်ပေါ်လာမည်ကို စိုးရိမ်မကင်းဖြစ်မိကြောင်း နော်ဝေးနိုင်ငံ အော်စလိုတက္ကသိုလ်မှ ရေခဲမြစ် ပညာရှင်တစ်ဦးက ဩဂုတ် ၁၄ ရက်တွင်ပြောကြားသည်။

အဆိုပါ ရေခဲကျွန်းကြီးမှာ အလွန်ကြီးမားလှသဖြင့် ပင်လယ်ပြင်အတွင်း မျောပါနေမှုကို မည်သူမျှ တားဆီးနိုင်မည် **စာမျက်နှာ ၉ ကော်လံ ၆ သို့** ☆

အင်တာနက်ပတ်ဝန်းကျင် ထိန်းသိမ်းရေးသတင်း

ဘာသာပြန် ရေမောင်

မုတ်သုံးဖွယ်ရာ မိုးရေချိန်များ

(၁၅-၈-၂၀၁၀)

အမ်း	၄ ဒသမ ၀၅ လက်မ
ချောင်းဆုံ	၃ ဒသမ ၅၀ လက်မ
မြစ်ကြီးနား	၃ ဒသမ ၂၇ လက်မ
မချမ်းဘော	၂ ဒသမ ၉၉ လက်မ
ကျိုက္ခမီ	၂ ဒသမ ၈၃ လက်မ
မြောင်းမြ	၂ ဒသမ ၈၃ လက်မ
ဖန်းမော်	၂ ဒသမ ၄၈ လက်မ
ပူတာအို	၂ ဒသမ ၄၄ လက်မ
ကျောက်ပန်းတောင်း	၁ ဒသမ ၅၅ လက်မ

ကြေးမုံ The Mirror

ဒေါက်တာကံညွန့်၏ ဆေးပညာသတင်းဆန်းများ (၈) ကို စာမျက်နှာ - ၆ တွင် ဖတ်ရှုနိုင်ပါသည်။